ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး စသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 28 November 2024 ၁၁၆၅၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်၏ အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်

## သို့မှသာ ဆက်စပ်နေသည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံတော်၏စီးပွားရေး ပြန်လည်ဦးမော့လာစေမည်

နေပြည်တော် နိုဝင်ဘာ ၂၇

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

## ယနေ့ ဖတ်စရာ

### ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး အုပ်စု(အေ၊ ဘီနှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၃၉၆၆ တွဲ ရောင်းချနိုင်ခဲ့

စာမျက်နှာ » ၇



### ရေချင်းဆက် မြေချင်းဆက် ဆက်နေသော ဥယျာဉ်နှစ်ခု

ဆောင်းပါး စာမျက်နှာ » ၁၀

### လာအိုနိုင်ငံ၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်

စာမျက်နှာ » ၁၃

ကြေးမုံ

# နိုင်ငံ့ဂုဏ်၊ နိုင်ငံ့အားမာန်များမြှင့်တင်ဖွဲ့၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းပြင်ဆင်

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို နေပြည်တော်တွင် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပတော့မည်ဖြစ်သည်။ ယခုအခါ အမျိုးသားအားကစားပွဲတော်ကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုယ်စားပြု အားကစားအဖွဲ့များအား အောင်နိုင်ရေးအလံပေးအပ်ပြီးနောက် နေပြည်တော်သို့ ရောက်ရှိလာကြပြီး ဝန်ကြီးဌာနကိုယ်စားပြု အားကစားအဖွဲ့များနှင့်အတူ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုတင်ပြင်ဆင်လေ့ကျင့်နေကြပြီဖြစ်သည်။

အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အသင်းအဖွဲ့များ၊ အားကစားသမားများသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်၊ ဝန်ကြီးဌာနများအလိုက် ကျင်းပခဲ့သည့် အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အောင်မြင်မှုများ ရရှိခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်အဆင့် အမျိုးသားအားကစားပြိုင်ပွဲကြီးသို့ ဆက်လက်တက်လှမ်းပြီး အောင်မြင်မှုများရရှိအောင် မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းယှဉ်ပြိုင်ကြပြီး ပြည်တွင်းအောင်မြင်မှုများမှတစ်ဆင့် နိုင်ငံတကာအဆင့် အောင်မြင်မှုများရရှိအောင် ယှဉ်ပြိုင်ကြကာ နိုင်ငံ၏ဂုဏ်၊ နိုင်ငံ၏အားမာန်များ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းစွမ်းဆောင်နေကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် အားကစားနည်း ၂၃ မျိုး ထည့်သွင်းထားပြီး အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အားကစားသမားစုစုပေါင်း ၁၂၀၀၀ ခန့်၏ ကိုယ်စီကိုယ်စီ စိတ်ထားခံယူချက်များတစ်သားတည်းရှိနေသည်။ အားကစားနည်းအလိုက် အောင်မြင်မှုများရရှိရေး၊ ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြိုင်ပွဲဝင်အားကစားသမားများအားလုံး မလျှော့သောဇွဲ၊ လုံ့လဖြင့် ရေကုန်ရေခန်း ပါဝင်ယှဉ်ပြိုင်ရေး၊ အားကစားမှတစ်ဆင့် တစ်မျိုးသားလုံး စိတ်ဓာတ်ခွန်အား မြင့်မားလာစေရေး၊ အားကစားအောင်မြင်မှုများမှ နိုင်ငံ့ဂုဏ်နှင့် လူမျိုးဂုဏ် မြင့်မားတိုးတက်လာစေရေးဟူသည့် ခံယူချက်များ ကိုယ်စီရှိနေသည်။

အမျိုးသားအားကစားပြိုင်ပွဲသည် တစ်မျိုးသားလုံး ပါဝင်အားပေးဆင်နွှဲသည့် နိုင်ငံတော်အဆင့် ပွဲတော်တစ်ခုဖြစ်သည်။ အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး နှစ်အလိုက်ကျင်းပသော ပြိုင်ပွဲမျိုးမဟုတ်ဘဲ အခြေအနေ အချိန်အခါအရ အလျဉ်းသင့်သလို ကျင်းပသောပွဲဖြစ်၍ ကြုံကြိုက်ခဲပေသည်။ ပထမအကြိမ်ပွဲတော်တွင် အားကစားနည်း ၂၂ နည်း၊ ပြိုင်ပွဲဝင်အသင်း ၇၂ သင်း၊ အားကစားသမား ၁၀၁၂၉ ဦး ယှဉ်ပြိုင်ခဲ့သည်။ ဒုတိယအကြိမ်ပွဲတော်တွင် အားကစားနည်း ၂၄ နည်း၊ အသင်းပေါင်း ၄၀၊ အားကစားသမား ၈၇၀၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ တတိယအကြိမ်ပွဲတော်တွင် အားကစားနည်း ၂၉ နည်း၊ အသင်း ၅၅ သင်း၊ အားကစားသမား ၁၁၃၇၅ ဦး ယှဉ်ပြိုင်ခဲ့ကြသည်။ စတုတ္ထအကြိမ်ပွဲတော်တွင် အားကစားနည်း ၂၇ နည်း၊ အသင်း ၁၅ သင်းနှင့် အားကစားသမား ၄၃၆၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သည် အားကစားနည်းအရေအတွက် လျော့နည်းသော်လည်း ပြိုင်ပွဲဝင်အားကစားသမား အများဆုံးပါဝင်ယှဉ်ပြိုင်ကြသဖြင့် အားကစားကဏ္ဍတွင် စိတ်ပါဝင်စားမှုနှင့် မြှင့်တင်အားပေးမှုတွင် တိုးတက်မြင့်မားလာသည်မှာ ထင်ရှားပေသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံတော်အဆင့် အားကစားပွဲတော်ကြီးဖြစ်သည်နှင့်အညီ နိုင်ငံတကာအဆင့်မီ ခမ်းနားထည်ဝါစွာ ပြင်ဆင်ဆောင်ရွက်ထားသကဲ့သို့ အားကစားပွဲတော်ကြီးသို့ ကိုယ်တိုင်လာရောက်အားပေးဆင်နွှဲနိုင်ရေး၊ တစ်နိုင်ငံလုံးမှ ပြည်သူများနှင့် နိုင်ငံတကာမှ ကြည့်ရှုအားပေးနိုင်ရန်အတွက် တီဗွီဖန်သားပြင်အသီးသီးမှ ကြည့်ရှုအားပေးနိုင်ရေးကိုပါ စီစဉ်ထားသည်။ အားကစားသမားများ၏ လိုအပ်ချက်မှန်သမျှကို လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်ပေးထားသဖြင့် ငွေကုန်ကြေးကျ အမြောက်အမြားအကုန်ခံထားသောပွဲတော်ကြီးဖြစ်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုများရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်နှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးသည် နိုင်ငံတော်အဆင့် အားကစားပွဲတော်ကြီးဖြစ်သည်နှင့်အညီ အားကစားပွဲတော်ကြီး ခမ်းနားထည်ဝါ အောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရေးနှင့် အမျိုးသားအားကစားပွဲတော်ကြီးမှတစ်ဆင့် နိုင်ငံတော်၏ဂုဏ်၊ လူမျိုး၏ဂုဏ်တို့ကို မြှင့်တင်ပေးနိုင်ရေးအတွက် အားကစားသမားများနှင့်အတူ တစ်မျိုးသားလုံး နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။




## ရှမ်းပြည်နယ်ဒေသများမှ ထွက်ရှိလာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်း

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ သီရိမာလာကုန်စိမ်း လက်ကားဈေးအတွင်းသို့ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများမှ ထွက်ရှိသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ် ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ ဂေါ်ဖီပွဲရုံများမှ သိရသည်။

အဆိုပါ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသထွက် ဂေါ်ဖီများသည် လက်ရှိအချိန်တွင် မန္တလေးမြို့သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးယာဉ် ငါးစီးမှ ခြောက်စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေး၌ ကုန်လက်ကျန်မရှိသလောက် အရောင်းအဝယ်ကောင်းနေကြောင်း၊ ယခုလက်ရှိအချိန်တွင် ဂေါ်ဖီဈေးနှုန်းသည် တစ်ထုပ်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

"လက်ရှိမှာတော့ ဂေါ်ဖီကအဓိက စိုက်ပျိုးတဲ့ တောင်ပေါ်ဒေသဘက်တွေကပဲ လှိုင်လှိုင်ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသက ဂေါ်ဖီထွက်ရှိတာ မရှိသေးပါဘူး။ တောင်သူတွေက အခြေအနေအကြောင်း အမျိုးမျိုးကြောင့် စိုက်တဲ့သူနည်းပါးလာပါတယ်။ ဈေးအတွင်းမှာ ရောင်းသူ၊ ဝယ်သူတွေအနေနဲ့ အရောင်းအဝယ်ပိုင်းမှာလည်း ရောင်းကောင်းပါတယ်။ လက်ရှိမှာ ဂေါ်ဖီကားတွေအနေနဲ့ ပုံမှန်ဝင်ပါတယ်။ ဒါကြောင့် စိုက်ပျိုးသူတွေအနေနဲ့ ဈေးကောင်းရရှိနေကြပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသထွက် ဂေါ်ဖီထုပ်များသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိနေပြီး အရောင်းအဝယ်မှာလည်း ကောင်းမွန်လျက်ရှိကြောင်း၊ ယင်းဂေါ်ဖီများ ရောင်းအားကောင်းခြင်းနှင့်အတူ ကျန်သည့် ကုန်သီးနှံများဖြစ်သည့် အာလူး၊ သခွားသီး၊ ခရမ်းချဉ်၊ မုန်ညင်းဖြူ၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့လည်း အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇ - ၁၁ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၂၄ | ၂၀၄,၀၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၉၁ | ၃၀၀,၃၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၂၆၁ | ၂,၁၉၂,၄၀၀ |
| FPB | ၂,၀၀၀ | ၂,၀၀၀ | ၁၄၁ | ၂၈၂,၀၀၀ |
| TMH | ၃,၁၅၀ | ၃,၁၅၀ | ၅ | ၁၅,၇၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၅၂၅ | ၉၁၈,၇၅၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၀ | ၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၅၂၆ | ၁,၇၀၉,၅၀၀ |
| MADPL(PLB) | ၃,၄၀၀ | ၃,၄၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၇ / ၂၀၂၄)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ထ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ထ) အသင်းဆိုသည်မှာ မြန်မာနိုင်ငံစာရင်းကောင်စီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဤဥပဒေအရ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးထားသော စာရင်းပညာဆိုင်ရာ အမျိုးသားအဆင့်အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း သို့မဟုတ် ယင်းအသင်းကိုဆက်ခံသည့် အဖွဲ့အစည်းကိုဆိုသည်။”

၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်းအစားထိုးရမည် -

“၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံစာရင်းကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုစာရင်းစစ်ချုပ် — ဥက္ကဋ္ဌ
(ခ) ဒုတိယစာရင်းစစ်ချုပ် — ဒုတိယဥက္ကဋ္ဌ(၁)
(ဂ) အသင်းဥက္ကဋ္ဌ — ဒုတိယဥက္ကဋ္ဌ(၂)
(ဃ) တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များ — အဖွဲ့ဝင်
(င) ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် — အဖွဲ့ဝင်
(စ) ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန — အဖွဲ့ဝင်
(ဆ) ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်
(ဇ) ညွှန်ကြားရေးမှူးချုပ်၊ စစ်ဆေးရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး — အဖွဲ့ဝင်
(ဈ) စီးပွားရေးတက္ကသိုလ်များမှ ၃ ဦးထက်မပိုသော ပါမောက္ခချုပ်များ — အဖွဲ့ဝင်
(ည) အသင်းမှ ကိုယ်စားလှယ် ၉ ဦး — အဖွဲ့ဝင်
(ဋ) ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် — အဖွဲ့ဝင်
(ဌ) ၅ ဦး ထက်မပိုသော သင့်လျော်သည့် နိုင်ငံသား စာရင်းပညာရှင်များ — အဖွဲ့ဝင်
(ဍ) ညွှန်ကြားရေးမှူးချုပ်(အမြဲတမ်းအတွင်းဝန်)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး — အတွင်းရေးမှူး
(ဎ) ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာဖွံ့ဖြိုးရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး — တွဲဖက်အတွင်းရေးမှူး(၁)
(ဏ) အသင်းအတွင်းရေးမှူး — တွဲဖက်အတွင်းရေးမှူး(၂)”

၄။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၁၂ တွင် -

(က) ပုဒ်မခွဲ (ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည် -
“(ဆ) ကောင်စီတွဲဖက်အတွင်းရေးမှူး(၁) — တွဲဖက်အတွင်းရေးမှူး(၁)”
(ခ) ပုဒ်မခွဲ (ဆ)၏နောက်၌ ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -
“(ဇ) ကောင်စီတွဲဖက်အတွင်းရေးမှူး(၂) — တွဲဖက်အတွင်းရေးမှူး(၂)”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တောင်ကြီး ကန်စွန်းဥဈေးကွက်တွင် ငချိတ်ကန်စွန်းဥများ အရောင်းသွက်

ရန်ကုန် နိုဝင်ဘာ ၂၇

တောင်ကြီး ကန်စွန်းဥဈေးကွက်အတွင်း ရွှေဝါကန်စွန်းဥထက် ငချိတ်ကန်စွန်းဥက ပိုမိုအရောင်းသွက်နေကြောင်း၊ ရွှေဝါကန်စွန်းဥနှင့် ငချိတ်ကန်စွန်းဥနှစ်မျိုးအနက် ငချိတ်ကန်စွန်းဥများကို မုန့်လုပ်ရာတွင် ပိုမိုအသုံးပြုကြသဖြင့် ရောင်းအားပိုကောင်းနေကြောင်း သိရသည်။

“ကန်စွန်းဥက ရွှေဝါနဲ့ ငချိတ်ဆိုပြီး နှစ်မျိုးရှိတယ်။ ရွှေဝါထက် ငချိတ်က အရောင်းပိုလိုက်တယ်။ တာချီလိတ်တို့၊ မြိတ်တို့ဘက်ဆို အမှာတော်တော်များတယ်။ အဓိက တာချီလိတ်ဘက်က ပိုပြီး အမှာများတယ်။ နယ်စပ်ဖြစ်တဲ့အတွက် သူက ရှယ်အလှတွေသုံးတာများတယ်။ ဆိုဒ်အသေးတွေကျ ပဲခူးဘက်က အမှာများတယ်။ မြိတ်ဘက်ကလည်း ဆိုဒ်အသေးတွေ မှာယူတာများတယ်။။ ငချိတ်ကို ပိုမှာကြတယ်။ ငချိတ်က ပိုပျော့တယ်၊ ရွှေဝါကျတော့ ခဲခဲလေးနေတယ်။ ငချိတ်ကို မုန့်တွေပြန်လုပ်ကြတယ်။ ကန်စွန်းဥကို ဆနွင်းမကင်းတို့၊ သာကူတို့ထဲမှာလည်း အတုံးလေးတွေ ထည့်ပြီး အသုံးပြုကြတယ်” ဟု တောင်ကြီးမြို့နယ်ရှိ အသီးအနှံလက်လီလက်ကား ရောင်းဝယ်ရေးလုပ်ကိုင်သည့် မစန္ဒီတာရာက ပြောသည်။

ငချိတ်ကန်စွန်းဥတွင် ရှမ်းငချိတ်နှင့် ဂျပန်ငချိတ်ဟူ၍ နှစ်မျိုးရှိရာ တောင်ကြီးဒေသတွင် ဂျပန်ငချိတ်ကို ပိုမိုစိုက်ပျိုးကြောင်း သိရသည်။

“ရှမ်းငချိတ်ကျတော့ ညီမတို့က ဒေသငချိတ်လို့ခေါ်ကြတယ်။ ဂျပန်ငချိတ်ကတော့ အဖြူရောင်မရောဘူး၊ လုံးဝခရမ်းရောင်သန်းတယ်။ ဈေးကလည်း နည်းနည်းပိုတယ်။ ဒေသက နည်းနည်းလျော့တယ်။ အခုအချိန်က ကန်စွန်းဥနည်းနည်းပေါနေတော့ဈေးတော့သင့်တင့်တယ်” ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

Thit Taw



○ ရှေ့ဖုံးမှ

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုပေးရန်ဖြစ်ကြောင်း၊ အတည်ပြုပြီးပါက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်ပေးပို့တင်ပြ အတည်ပြုပြဋ္ဌာန်းသွားရမည်ဖြစ်ကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေ ဆက်လက်ဆောင်ရွက်ရမည့် စီမံကိန်းများ၊ လုပ်ငန်းများအတွက် အသုံးစရိတ်များကိုကျခံသုံးစွဲရန် မူလခွင့်ပြုငွေဖြင့် မလုံလောက်ခြင်း၊ မူလခွင့်ပြုငွေအတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲရန် မလုံလောက်ခြင်း၊ အထွေထွေပိုလျှံရန်ပုံငွေမှ လွှဲပြောင်းကျခံသုံးစွဲမှုမပြုနိုင်ခြင်း စသည့်အခြေအနေများကြောင့် ထပ်မံလိုအပ်လာသည့်ငွေကိုသာ တောင်းခံရမည်ဖြစ်ကြောင်း၊ ဌာန၊ အဖွဲ့အစည်းများမှ တောင်းခံလာသည့် ဖြည့်စွက်ခွင့်ပြုငွေများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေဖြင့် အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲရမည်ဖြစ်သည့်အတွက် သုံးစွဲနိုင်မည့်ကာလသည် လေးလခန့်သာကျန်ရှိကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးနှစ်မကုန်မီ လုပ်ငန်းများပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အသုံးစရိတ်များကိုသာ တောင်းခံကြရမည်ဖြစ်ပြီး အချိန်မီပြီးစီးအောင်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အသုံးစရိတ်များ ပိုမိုသုံးစွဲနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ခြင်း၊ ပြည်တွင်းစားသုံးမှုအတွက် အထောက်အကူပြုခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်ခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ တိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများရရှိမည့်အပြင် ပုဂ္ဂလိကကဏ္ဍ၏ ဝယ်လိုအားတိုးတက်စေနိုင်ခြင်းကြောင့် နိုင်ငံ့စီးပွားပြန်လည်တိုးတက်လာစေရေးအတွက် အစိုးရ၏ဦးဆောင်မှုနှင့် စီးပွားရေးအခြေအနေ ပြန်လည်နိုးထလာစေရန် ဆောင်ရွက်ခြင်းဟုလည်း ဆိုနိုင်ကြောင်း။

အချို့သောကိစ္စများကြောင့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရန် နိုင်ငံတော်၏ အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ ဆက်စပ်နေသည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံတော်၏စီးပွားရေးလည်း ပြန်လည်ဦးမော့လာစေမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာ ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းမှုများ လျှော့ချနိုင်ပြီး နိုင်ငံခြားသုံးငွေသုံးစွဲမှုလည်း လျော့ကျလာမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်တွင်းငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်လာပြီး နိုင်ငံတော်၏ ငွေကြေးကဏ္ဍတည်ငြိမ်မှုကို အထောက်အကူဖြစ်

☆ **စိုက်ပျိုးရေးလုပ်ငန်းများ၌လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးမြှင့်ခြင်း၊ စိုက်ဧကတိုးချဲ့ခြင်းဟူသည့် နည်းလမ်းသုံးသွယ်ဖြင့် အထွက်နှုန်းတိုးမြှင့်အောင် ဆောင်ရွက်နိုင်**

☆ **ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်ခြင်းနှင့် သီးထပ်စွမ်းအားတိုးမြှင့်ခြင်းသည် မူလရှိပြီးအခြေခံအပေါ် တိုးတက်အောင် ဆောင်ရွက်ရခြင်းဖြစ်ပြီး ဖြစ်နိုင်ခြေမြင့်မားသဖြင့် အလေးထား ဆောင်ရွက်ရမည်**

စေမည်ဖြစ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ထပ်မံခွင့်ပြုပေးလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများကို နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် အထောက်အကူပြုမည့်လုပ်ငန်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးမည့်လုပ်ငန်းများတွင် ထိထိရောက်ရောက်ဖြစ်စေရေး ကြပ်မတ်စိစစ်သုံးစွဲကြစေလိုကြောင်း။

ထို့ပြင် နိုင်ငံ၏ဂျီဒီပီတိုးတက်ရန်အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်ထားပြီးလည်းဖြစ်ကြောင်း၊ အသုံးစရိတ်နှင့် ဆက်စပ်နေသည့် GDP ရည်မှန်းချက်များကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေးကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ကြိုးပမ်းဆောင်ရွက်ရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်သို့ တင်ပြခြင်းဖြစ်ကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို စိစစ်ရာမှာ သာမန်အသုံးစရိတ်အပိုင်းလိုအပ်ချက်များနှင့် မူလခွင့်ပြုငွေတွင် ပါဝင်ခြင်းမရှိသော်လည်း နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများ၏စားဝတ်နေရေးသက်သာချောင်ချိမှုကို အထောက်အကူဖြစ်စေရန်အတွက် ၂၀၂၄ ခုနှစ် ဩဂုတ်လမှစ၍ နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ငွေများတိုးမြှင့်ပေးခဲ့ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေအတွက် ပြည်ထောင်စုမှ ထောက်ပံ့ငွေနှင့် အခွန်ဝေစုတို့ကိုလည်း ခွင့်ပြုပေးခဲ့ကြောင်း။

ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များနှင့် အခြားဘေးအန္တရာယ်များကြောင့် ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် နေရပ်စွန့်ခွာပြည်သူများ၏ စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ ထပ်မံထောက်ပံ့ပေးရမည်ဖြစ်သည့်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းရှိ ထောက်ပံ့ငွေစာရင်းတွင် ကျပ် ၂၇၅ ဘီလီယံ ခွင့်ပြုပေးခဲ့ကြောင်း၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်က အတည်ပြုထောက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေကြမ်းများနှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာ အကြံပြုချက်များကိုလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အသီးသီးတင်ပြကြသည်။

**နိုင်ငံ့ GDP တိုးတက်ရေး**

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ GDP တိုးတက်လာမည်ဆိုပါက ဘတ်ဂျက်ပိုမိုအသုံးပြု၍ ရနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကို တွေ့ရ၍ GDP တိုးတက်လာရေး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

နိုင်ငံ့ GDP တိုးတက်စေရန်အတွက် ကုန်ထုတ်လုပ်မှုတိုးတက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုဆိုရာ၌ နိုင်ငံအတွက် အခြေခံကျသော လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေးထွက်ကုန် စိုက်ပျိုးသီးနှံများ ပိုမိုထွက်ရှိတိုးတက်လာမည်ဆိုပါက ၎င်းကိုအခြေခံသည့် စက်မှုကဏ္ဍကြီးသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍကြီးတိုးတက်လာပြီး ကုန်ထုတ်လုပ်မှုများ တိုးမြင့်လာမည်ဆိုပါက ဝန်ဆောင်မှုကဏ္ဍကြီးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ပင်ဖြစ်သကဲ့သို့ ငွေကြေးစီးဆင်းမှုများပြားလာပြီး ဘဏ္ဍာရေးကဏ္ဍကလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ကဏ္ဍများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ချိတ်ဆက်တိုးတက်လာမည်ဖြစ်၍ အခြေခံကျသည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို တိုးတက်စေရေး အားသွန်ခွန်စိုက်ဆောင်ရွက်ရန် လိုကြောင်း။

ယခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြုံတွေ့ခြင်း၊ သွင်းအားစုများ ဈေးနှုန်းမြင့်တက်ခြင်းတို့ကို အကြောင်းပြု၍ အခြေခံစားကုန်များ ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် အခြေခံလူတန်းစားများအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဓိကစားသုံးသည့် အသားများဖြစ်သည့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးတွင် အများစုကို ဒေသအလိုက်၊ နေရာအလိုက် အောင်မြင်စွာ မွေးမြူနိုင်သည့် အခြေအနေများ ပိုင်ဆိုင်ပြီးဖြစ်ကြောင်း၊ အမှန်တကယ်အလုပ်လုပ်ကြမည်ဆိုပါက ဒေသတွင်း စားရေးဖူလုံမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကာ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း၊ ဒေသမျိုးများကိုပင် လှောင်မွေးစနစ်ဖြင့် စနစ်တကျမွေးမြူပါက တိုးတက်မှုများပြားလာမည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ ထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ အစာကျွေးမွေးမည်ဆိုပါက အောင်မြင်သည့် မွေးမြူရေးလုပ်ငန်းကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အခြေခံလူတန်းစားများ၏ သက်သာချောင်ချိရေးကို အထူးအလေးထား ဆောင်ရွက်ပေးရန်လိုကြောင်း။

အလားတူ **စိုက်ပျိုးရေးလုပ်ငန်းများ၌လည်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးမြှင့်ခြင်း၊ စိုက်ဧကတိုးချဲ့ခြင်းဟူသည့် နည်းလမ်းသုံးသွယ်ဖြင့် အထွက်နှုန်းတိုးမြှင့်အောင် ဆောင်ရွက်နိုင်**ကြောင်း၊ **ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ခြင်းနှင့် သီးထပ်စွမ်းအားတိုးမြှင့်ခြင်းသည် မူလရှိပြီး အခြေခံအပေါ် တိုးတက်အောင် ဆောင်ရွက်ရခြင်းဖြစ်ပြီး ဖြစ်နိုင်ခြေမြင့်မားသဖြင့် အလေးထား ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုများ ပြည့်ပြည့်ဝဝရရှိစေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ တာဝန်ရှိသူများအနေဖြင့် ကြံဆဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေး၌ စိုက်ပျိုးရေရရှိရေးသည် အရေးကြီးသဖြင့် ရေရရှိရေးနည်းလမ်းလေးခုဖြစ်သည့် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေ စသည်တို့ကို ဒေသအလိုက် ပေါင်းစပ်အသုံးပြုရမည်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက GDP တိုးတက်လာပြီး နိုင်ငံ၏ဘဏ္ဍာငွေ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ပြည်ပပို့ကုန်များ မြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

GDP တိုးတက်ရေးနှင့်ပတ်သက်၍ သစ်တောထွက်ကုန်တစ်ခုဖြစ်သည့် ဝါးကိုလည်း အဆင့်မြင့်ထုတ်ကုန်များအဖြစ်ထုတ်လုပ်၍ ဆောင်ရွက်နိုင်မည်ဆိုပါက တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိမည်ဖြစ်ကြောင်း၊ ပြည်သူများသွားလာမှု အဆင်ပြေစေရေးအတွက် လေယာဉ်ကွင်းများ အဆင့်မြှင့်တင်ခြင်းနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မီးရထားလမ်းများ ပြန်လည်ပြုပြင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ အလားတူ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်၊ ကျဆုံးခဲ့ရသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ သား၊ သမီးများ၊ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်စဉ် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်၊ ကျဆုံးခဲ့ရသည့် အငြိမ်းစားဝန်ထမ်းများ၏ သား၊ သမီးများ ပညာသင်ကြားခွင့်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားနိုင်ရေးတို့အတွက်လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ တက္ကသိုလ်များနှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ရှိ တက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း။

စာမျက်နှာ ၅ သို့ ○

☆ **နိုင်ငံတော်၏ GDP တိုးတက်လာမည်ဆိုပါက ဘတ်ဂျက်ပိုမိုအသုံးပြု၍ ရနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်**

☆ **မြန်မာနိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကိုတွေ့ရ၍ GDP တိုးတက်လာရေး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လို**

❍ စာမျက်နှာ ၄ မှ

### ပဒေသာပင်မြေကြီးမပေါက်နိုင်၊ ပြည်သူနှင့် သက်ဆိုင်သော အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်

သဘာဝဘေးအန္တရာယ်နှင့် လူတို့ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ လိုအပ်သည့် ဘတ်ဂျက်ငွေများကိုလည်း ချထားပေးသွားမည်ဖြစ်သဖြင့် ထည့်သွင်းတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ ဘတ်ဂျက်သုံးစွဲရာ၌ ငွေရှိမှသာ သုံးစွဲနိုင်မည်ဖြစ်သဖြင့် အခွန်အခများ ပြည့်ပြည့်ဝဝရရှိရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများရှိမှသာလျှင် အခွန်အခများလည်း ရရှိမည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်မှုရှိအောင် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ၎င်းတို့ကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံငွေနှင့် အခြားလိုအပ်ချက်များ ရှိပါက နိုင်ငံတော်မှစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားသွန်ခွန်စိုက်ဆောင်ရွက်ရန်လို**ကြောင်း၊ ယခုဘဏ္ဍာနှစ်နှင့် နောင်လာမည့်ဘဏ္ဍာနှစ်များ၌ ပြည်သူလူထုနှင့် သက်ဆိုင်သော **အများပြည်သူ အသုံးပြုနိုင်သည့် အခြေခံလိုအပ်ချက်များကို နေပြည်တော်ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖြည့်ဆည်းပေးနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ **ပဒေသာပင်မြေကြီးမှမပေါက်နိုင်**ကြောင်း၊ **ကြိုးစားလုပ်ကိုင်ခြင်းဖြင့်သာ ပဒေသာပင်ပေါက်နိုင်သဖြင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထား၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်လို**ကြောင်း ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်များအတိုင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အခြေခံထားသည့်အတွက် နိုင်ငံ့စီးပွားရေးကို ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူလူထု၏ စားရေရိက္ခာဖူလုံရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေး၊ နိုင်ငံ့စီးပွားရေးကို ပုံမှန်လည်ပတ်နိုင်ရေးမှတစ်ဆင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအတွက် လက်ရှိလစဉ် ထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး တစ်ဦးလျှင် တစ်လကျပ် ၃၀၀၀၀ အပြင် ထပ်မံပြီး ကျပ် ၃၀၀၀၀ ကို အပိုထောက်ပံ့ကြေးအဖြစ် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ ထပ်မံတိုးမြှင့်ခံစားခွင့်ပြုခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ပြီး လက်ရှိပင်စင်ခံစားနေကြသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက်လည်း အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀၀၀၀ ကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ လစဉ်ခံစားခွင့်ပြုပေးခဲ့ကြောင်း၊ ထိုသို့တိုးပေးခဲ့သည့်အတွက် ထပ်မံလိုအပ်လာသည့် အပိုထောက်ပံ့ကြေးများကိုလည်း ဖြည့်စွက်ခွင့်ပြုငွေခွင့်ပြုပေးခဲ့ကြောင်း။

နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည်လည်း အဓိကကျသည့်အတွက် ပြည်သူလူထုကို တည်ငြိမ်သည့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သည့်အခါတွင် ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်မှုစရိတ်များ မြင့်မားလာခဲ့ကြောင်း၊ ထို့ကြောင့်လည်း လျှပ်စစ်ဓာတ်အားခနှုန်းထားများကို တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးခဲ့ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု အသုံးစရိတ်များကိုလည်း တိုးမြှင့်လျာထားပေးခဲ့ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နောက်ထပ်ခွဲဝေပေးသည့် ဘဏ္ဍာငွေများနှင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်၊ အသုံးစရိတ်များ သုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲကြရန်၊ လျာထားသည့် ရငွေများကိုလည်း ပြည့်မီရုံသာမက ကျော်လွန်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးကြရန်၊ နိုင်ငံ့ဘဏ္ဍာငွေများကို လေလွင့်ဆုံးရှုံးမှုမရှိအောင် ကြပ်မတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Dusit Manapan ကို လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၇**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Dusit Manapan ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲနှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြပြီး ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးစသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ကြီးမြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကား သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဟိုတယ်နှင့် ခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်နှင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့် ရုရှားနိုင်ငံသား ခရီးသွားဧည့်သည်များကို ကောင်းမွန်စွာပြောဆိုဆက်ဆံနိုင်ရန် ရည်ရွယ်၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကား သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက Royal Taunggyi Hotel ၌ ကျင်းပသည်။




အခမ်းအနားသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်နှင့် ပြည်နယ်ဝန်ကြီးများ၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ(ဟိုပုံး)မှ ကျောင်းအုပ်ကြီးနှင့် နည်းပြအရာရှိများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရုရှားနိုင်ငံသားများသည် မြန်မာနိုင်ငံသို့ အလည်အပတ်သဘော၊ အလုပ်သဘောခရီးစဉ်များ လာရောက်လျက်ရှိပြီး မြန်မာနိုင်ငံသို့ လာရောက်သော ရုရှားနိုင်ငံသားများကို ရှမ်းပြည်နယ်သို့ ပိုမိုတိုးတက်ဝင်ရောက်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံသားဧည့်သည်များ လာရောက်သည့်အခါ ဝန်ဆောင်မှုပေးရာတွင်လည်း များစွာအထောက်အကူဖြစ်စေသည့်အတွက် ယခုသင်တန်းကို တက်ရောက်ကြမည့် သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပေးလိုက်သည့် သင်ခန်းစာများကို ကြိုးစားလေ့လာသင်ယူကြရန်၊ ဘာသာစကားကို ကျွမ်းကျင်စွာတတ်မြောက်သည်အထိ ဆက်လက်လေ့လာဆည်းပူးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ယနေ့ဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကားသင်တန်းကို တက်ရောက်ကြသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ(ဟိုပုံး) ကျောင်းအုပ်ကြီးက သင်တန်းတွင် သင်ကြားပို့ချသည့် ရုရှားဘာသာစကားသင်ခန်းစာများနှင့် သင်ကြားပို့ချမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကားသင်တန်းကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တောင်ကြီးရုံးခွဲသို့ သွားရောက်၍ ရုံးခွဲတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဗွီးရှင်းဟိုတယ်သို့ သွားရောက်ကာ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကားသင်တန်း ဖွင့်လှစ်သင်ကြားနေမှုအခြေအနေကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စမ်းချောင်းမြို့နယ် သမဝါယမအသင်းစုက ထုတ်လုပ်သည့် ကျောင်းသုံးဗလာစာအုပ်များအား ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချ

**စမ်းချောင်း နိုဝင်ဘာ ၂၇**

သမဝါယမကဏ္ဍမှ ထုတ်လုပ်၊ ဝန်ဆောင်၊ ကုန်သွယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်သမဝါယမအသင်းစုက ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် စာမျက်နှာ ၈၀ နှင့် စာမျက်နှာ ၁၂၀ ပါ ကျောင်းသုံးဗလာစာအုပ်များကို မိုးဦးပန်းအထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းဆိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမအရောင်းဆိုင်များတွင် သမဝါယမအသင်းသားများနှင့် ပြည်သူများသို့ ဈေးနှုန်းချိုသာစွာ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ရောင်းချပေးလျက်ရှိကြောင်းနှင့် ကျောင်းသား ကျောင်းသူများအတွက် ဆက်လက်ဖြန့်ဖြူးလိုပါက စမ်းချောင်းမြို့နယ် သမဝါယမအသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ယာယီအပြည်ပြည်ဆိုင်ရာ ကုန်တင်/ကုန်ချဆိပ်ကမ်းများတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ တန်ဖိုးအမေရိကန်ဒေါ်လာ ၅၉ ဒသမ ၉၉၆ သန်း တင်ပို့နိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၇**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၄/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။



**တက်ရောက်**

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ ကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ ဥက္ကဋ္ဌက ဗဟိုကော်မတီအနေဖြင့် ပြည်ပကုန်သွယ်မှုလျာထားချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပို့ကုန်/သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးကိစ္စများ၊ မြန်မာ-ထိုင်းနယ်စပ် (ရန်ကုန်-ကော့သောင်း- ရနောင်း) ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာစနစ်ဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးကိစ္စများ၊ ကွန်တိန်နာများ လွယ်ကူမြန်ဆန်စွာ ရှင်းလင်းထုတ်ပေးရေးနှင့် ပို့ကုန်ရငွေများ အချိန်မီပြန်လည်ဝင်ရောက်ရေး၊ စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးမှုကိစ္စများနှင့် တရားမဝင်စက်သုံးဆီများ ဖမ်းဆီးရမိမှု၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးမှုကိစ္စရပ်များနှင့် CMP လုပ်ငန်းများ ပိုမိုတင်ပို့နိုင်ရေးကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်နေကြောင်း။

ပို့ကုန်တန်ဖိုးမှာ သွင်းကုန်တန်ဖိုးထက် ပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုတန်ဖိုးအရ ပိုငွေ (Trade Surplus) ရရှိခဲ့ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်နိုင်ခဲ့သော်လည်း CMP ပို့ကုန် ဆောင်ရွက်နိုင်မှုတွင် ကာလတူနှိုင်းယှဉ်ပါက လျော့နည်းသွားသည့်အတွက် ပို့ကုန်ပိုမိုဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာများက ယခုထက်ပိုမို ပေါင်းစပ်ညှိနှိုင်းပေးစေလိုကြောင်း၊ ပြည်ပပို့ကုန် လျာထားချက်များ ပြည့်မီကျော်လွန်အောင် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် UMFCCI၊ MRF တို့အပြင် ညီနောင်အသင်းအဖွဲ့များကပါ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပို့ကုန်အမည်သစ်များ တင်ပို့နိုင်ရေး ဈေးကွက်အသစ်များ ရှာဖွေနိုင်မှသာ ပြည်ပပို့ကုန်များ တိုးတက်တင်ပို့လာနိုင်ပြီး နိုင်ငံခြားသုံးငွေများ ပိုမိုဝင်ရောက်လာမည်ဖြစ်ကြောင်း။

နယ်စပ်ကုန်သွယ်မှု နည်းလမ်း (Border Trade Method) ဖြင့် ရန်ကုန်-ကော့သောင်း - ရနောင်းနှင့် ရနောင်း-ကော့သောင်း-ရန်ကုန်သို့ ကွန်တိန်နာစနစ်ဖြင့် တင်ပို့/တင်သွင်းခြင်းအား မြန်မာ့စက်မှုဆိပ်ကမ်း (MIP) နှင့် The Myanmar Terminal (TMT) ဆိပ်ကမ်းများတွင် ၂၀၂၄ ခုနှစ် ဇွန်လမှ စတင်ဆောင်ရွက်ခဲ့ရာ တင်ပို့မှုနှင့် တင်သွင်းမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယာယီအပြည်ပြည်ဆိုင်ရာ ကုန်တင်/ကုန်ချဆိပ်ကမ်းများတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၉၉၆ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ရေချိုငါးတင်ပို့နိုင်မှုအနေဖြင့် အောင်မင်္ဂလာဆိပ်ကမ်းမှ ၂၀၂၄ ခုနှစ် မတ်လမှစ၍ ပို့ကုန်သင်္ဘော ၁၇ စင်း၊ ရေချိုငါး ၁၇၆၇ ဒသမ ၈၂၉ တန် တင်ပို့နိုင်ခဲ့ကြောင်း။

ပို့ကုန်အတွက် ဆိပ်ကမ်းများတွင် ကုန်သေတ္တာ လုံလောက်မှုရှိစေရန် အကောက်ခွန်ဦးစီးဌာန၏ ကုန်လှောင်ရုံဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် မတ်လမှ နိုဝင်ဘာလအထိ သက်ဆိုင်ရာ Bonded Terminal များမှ ကုန်သေတ္တာ စုစုပေါင်း ၂၇၉၉ လုံး ပြန်လည်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၄ ခုနှစ် မတ်လမှ အောက်တိုဘာလအထိ ဆိပ်ကမ်း၊ ကုန်းတွင်း ကုန်သေတ္တာစခန်းတို့မှ စုစုပေါင်းကုန်သေတ္တာ ၁၉၁၃၈၇ လုံး ထုတ်ပေးနိုင်ခဲ့ကြောင်း။

ပို့ကုန်ရငွေ ဝင်ရောက်ရန်ကျန်ရှိသည့် ကုမ္ပဏီများ၏အခက်အခဲများကို တာဝန်ရှိသူများက စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ပြီး ကူညီဆောင်ရွက်ပေးနေကြရမည် ဖြစ်ကြောင်း၊ အဆက်အသွယ်မရသည့်ကုမ္ပဏီများနှင့် ဝန်ခံကတိပြုထားပြီး ပေးသွင်းရန် ပျက်ကွက်နေသည့် ကုမ္ပဏီများကို သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများအတိုင်း အဆင့်ဆင့်အရေးယူ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း စက်သုံးဆီ ပြည်တွင်းဖူလုံမှုရှိစေရန် ဒီဇယ်၊ ဓာတ်ဆီ စုစုပေါင်းတန်ချိန် ၄၃၂၆၇၅ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၃၇ ဒသမ ၆၃ သန်း တင်သွင်းနိုင်ခဲ့ကြောင်း၊ တရားမဝင်စက်သုံးဆီ ဒီဇယ်၊ ဓာတ်ဆီ စုစုပေါင်း ၄၅၄ တန် ဖမ်းဆီးရမိခဲ့သဖြင့် သက်ဆိုင်ရာဥပဒေများနှင့်အညီ အမှုဖွင့် အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စက်သုံးဆီမီးလောင်မှုဖြစ်စဉ်များ ကြိုတင်ကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများက ပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိပြီး စားသုံးဆီဈေးကွက်/ဈေးနှုန်း တည်ငြိမ်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ စားအုန်းဆီတင်သွင်းသည့် ကုမ္ပဏီများက တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သက်ဆိုင်ရာ လက်လီလက်ကား ကိုယ်စားလှယ်များသို့ တိုက်ရိုက်ဖြန့်ဖြူးရောင်းချသည့် အစီအစဉ်ကို ၂၀၂၄ ခုနှစ် ဇွန် ၃ ရက်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိရည်ညွှန်းဈေးကို အပတ်စဉ် တနင်္လာနေ့တွင် ပေါက်ဈေးနှင့် အနီးစပ်ဆုံးဖြစ်စေရေး တွက်ချက်ထုတ်ပြန်ကြေညာပေးလျက်ရှိကြောင်း။

CMP သွင်းကုန်ပို့ကုန်လုပ်ငန်းများ၊ CMP ကုန်ကြမ်းပစ္စည်းများ တင်သွင်းခြင်း၊ လုပ်ငန်းသုံးစက်ပစ္စည်းများနှင့် စက်အပိုပစ္စည်းများတင်သွင်းခြင်းတို့ကို လွယ်ကူချောမွေ့မှုရှိစေရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊CMP ပို့ကုန်အမှာစာများ ပုံမှန်ရရှိရေးအတွက် လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များဘက်က ကြိုးပမ်းအားထုတ်ရန် လိုအပ်သကဲ့သို့ ပြည်ပရှိစီးပွားရေးသံမှူးများမှတစ်ဆင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက ရှင်းလင်းဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ပြည်သူ့ဆေးရုံများတွင် ပြည်သူ့ဆက်ဆံရေးကဏ္ဍ တိုးတက်ကောင်းမွန်စေရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်သူ့ဆေးရုံများတွင် ပြည်သူ့ဆက်ဆံရေးကဏ္ဍ တိုးတက်ကောင်းမွန်စေရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ဆေးရုံများကို ပြည်သူလူထုက ပိုမိုအားကိုးလာသဖြင့် လူနာများပြားလာ၍ ဝန်ထမ်းများအနေဖြင့် လူနာများ၊ လူနာရှင်များနှင့် ကောင်းမွန်စွာ ဆက်ဆံနိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ အထူးသဖြင့် ဆရာဝန်၊ သူနာပြုသစ်လွင်များကို သင်တန်းပေးရန် လိုအပ်ကြောင်း၊ ယခုဆွေးနွေးပွဲ တက်ရောက်လာသူများအနေဖြင့်လည်း မိမိတို့ဆေးရုံသို့ ပြန်လည်ရောက်ရှိချိန်တွင် အတွေ့အကြုံများကို မျှဝေခြင်း၊ အကြံဉာဏ်များ မျှဝေဖလှယ်ခြင်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဆေးရုံများသည် အခြားနေရာများနှင့် မတူသည်မှာ ပြည်သူများသည် မကျန်းမာ၍ ဆေးရုံလာရခြင်းဖြစ်ပြီး လူနာအတွက် မျှော်လင့်ချက်များ၊ စိုးရိမ်စိတ်များ ရှိနေကြကြောင်း။

ထို့ကြောင့် မိမိတို့ဝန်ထမ်းများသည် ပြည်သူများ အားကိုးလောက်သည့် ပြောဆိုဆက်ဆံမှု၊ ဝတ်စားဆင်ယင်မှုဖြစ်ရန်၊ ကျန်းမာရေးဝန်ထမ်းအဆင့်ဆင့်က ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် လူစွမ်းအား အရင်းအမြစ်များ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ယခုနှစ်ဒီဇင်ဘာလတွင် သူနာပြု ၁၈၀၀ ခန့်အပ်ရန်ရှိပြီး ဆရာဝန်များနှင့် ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများ ဆက်လက်ခန့်အပ်သွားမည် ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြည်သူ့ဆေးရုံများတွင် လူနာများကို နွေးထွေးပျူငှာစွာ ကြိုဆိုဆက်ဆံရေးနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များကို မှာကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဗဟိုအဆင့် ဆေးရုံကြီးများမှ ဒုတိယ ဆေးရုံအုပ်ကြီးများ၊ လက်ထောက် ဆေးရုံအုပ်များ၊ သူနာပြုအုပ်ကြီးများနှင့် သူနာပြုအုပ်များ၊ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများနှင့် ကုသရေးဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာ ကျင်းပကာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆင့်ပွားသင်တန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမင်းသိန်းဇံတို့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားကျင်းပရေး အကြိုလေ့ကျင့်နေမှုများနှင့် ပြင်ဆင်နေမှုများ ကြည့်ရှုစစ်ဆေး




နေပြည်တော် နိုဝင်ဘာ ၂၇

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံတို့သည် ယနေ့ညနေပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားများအတွက် အကြိုလေ့ကျင့်နေမှုများနှင့် ပြင်ဆင်နေမှုများကို ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)တွင် ဖွင့်ပွဲအခမ်းအနားနှင့် ပိတ်ပွဲအခမ်းအနားအတွက် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးတို့၏ လေ့ကျင့်နေမှုများကိုလည်းကောင်း၊ အထက(၆) ဇမ္ဗူသီရိတွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး၏ လေ့ကျင့်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမင်းသိန်းဇံတို့သည် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း LED တပ်ဆင်နေမှု၊ မီးစနစ်များတပ်ဆင်နေမှုနှင့် အသံစနစ်များ တပ်ဆင်နေမှုများကို အသေးစိတ်ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် အချိန်မီပြီးစီးရေးတို့အတွက် ဆွေးနွေးညှိနှိုင်းကြပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း ကျင်းပသွားမည်ဖြစ်ပြီး ပါဝင်ဖျော်ဖြေတင်ဆက်ကြမည့် အကအဖွဲ့များနှင့် ဝန်ကြီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ လေ့ကျင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်အားကစားအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်




နေပြည်တော် နိုဝင်ဘာ ၂၇

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်အားကစားအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့် ဌာနကြီးမှူးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းကြီးကြပ်သူနှင့် တာဝန်ခံများ၊ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော် အားကစားနှင့် ကာယပညာကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် နေပြည်တော်အားကစားအသင်းများ ပါဝင်ယှဉ်ပြိုင်ရာတွင် အားကစားနည်းအလိုက် အားကစားစိတ်ဓာတ်အပြည့်ဖြင့် ရေကုန်ရေခန်း အားထုတ်ကြိုးပမ်း ယှဉ်ပြိုင်ကြစေလိုကြောင်း၊ ပြိုင်ပွဲတိုင်းတွင် အနိုင်ရရှိပြီး နေပြည်တော်ဂုဏ်ကို မြှင့်တင်ပေးနိုင်ရုံမျှမက နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ဖြစ်အောင် စွမ်းစွမ်းတမံ ကြိုးစားသွားကြစေလိုကြောင်း၊ အားကစားနည်းအလိုက် အောင်မြင်မှုများရရှိပါက ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ အမျိုးသားအားကစားပွဲတော်တွင် ယှဉ်ပြိုင်အောင်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အောင်နိုင်ရေးအလံနှင့် ပြိုင်ပွဲဝင်ကုန်ကျစရိတ် ထောက်ပံ့ငွေကျပ် ၄၃၅၄၆၃၀၀၀ တို့ကို နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်တို့ထံ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော် အားကစားအဖွဲ့များမှ အားကစားသမားများ၊ တက်ရောက်လာကြသူများ၊ အားကစားနည်းကြီးကြပ်သူနှင့် တာဝန်ခံများ၊ အသင်းအုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

၂၀၂၄ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် နေပြည်တော်အနေဖြင့် အားကစားနည်း ၂၃ မျိုးကို အားကစားသမားစုစုပေါင်း ၃၄၇ ဦး၊ အဖွဲ့ခေါင်းဆောင် လေးဦး၊ အုပ်ချုပ်သူ/နည်းပြ ၉၆ ဦး၊ ဒိုင် သုံးဦး စုစုပေါင်း ၄၅၀ တို့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး အုပ်စု(အေ၊ ဘီနှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၃၉၆၆ တွဲ ရောင်းချနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၇

၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့တွင် ပြပွဲနဝမနေ့၌ ဖွင့်ဖောက်စစ်ဆေးထားသည့် ပြည်တွင်း ရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိသော အုပ်စု(စီ)မှ ကျောက်စိမ်း အတွဲ အမှတ်(၄၀၆၀)မှ အတွဲအမှတ်(၄၈၁၀)အထိ ကျောက်စိမ်းအတွဲပေါင်း ၇၄၁ တွဲအနက် ကျောက်စိမ်းအတွဲပေါင်း ၇၁၄ တွဲကို ရောင်းချရကြောင်း ကြေညာသည်။



ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀ အနက်မှ ပုလဲအတွဲပေါင်း ၂၀၈ တွဲကိုလည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ အနက်မှ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲကိုလည်းကောင်း၊ အုပ်စု(အေနှင့် ဘီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၅၅၉ တွဲအနက်မှ ကျောက်စိမ်းအတွဲပေါင်း ၁၈၂၃ တွဲကိုလည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၂၂၄၁ တွဲအနက်မှ ကျောက်စိမ်းအတွဲပေါင်း ၂၁၄၃ တွဲကိုလည်းကောင်း ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်၊ နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိစေရန်၊ စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့ရှိ ကျောက်စိမ်းအချောထည်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော MSME လုပ်ငန်းများအတွက် ကုန်ကြမ်းရရှိစေရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း ပြိုင်ပွဲများကျင်းပမည့် အားကစားကွင်း / အားကစားရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၇**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားပြိုင်ပွဲများကျင်းပမည့် အားကစားကွင်း/ အားကစားရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ပိုက်ကျော်ခြင်းပြိုင်ပွဲကွင်းပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ နောက်ခံဆိုင်းဘုတ်ဗီနိုင်းတပ်ဆင်ထားရှိမှု၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလံများ တပ်ဆင်ပြီးစီးမှုနှင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ လျှာထိုးကြမ်းခင်း ခင်းကျင်းပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ အလေးမအားကစားရုံ၊ လက်ဝှေ့အားကစားရုံ၊ ဘိလိယက်နှင့် စနူကာအားကစားရုံ၊ တင်းနစ်ပြိုင်ပွဲကွင်း၊ အားကစားလေ့ကျင့်ရေးခန်းမ (၃)တွင် ကရာတေးဒို၊ တိုက်ကွမ်ဒိုပြိုင်ပွဲရုံများ၏ ပြိုင်ပွဲကွင်း/ ပြိုင်ပွဲရုံ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပိုက်ကျော်ခြင်းအားကစားသမားများ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် လစ်ဟင်းမှုများမရှိစေရေး၊ အမျိုးသားအားကစားပွဲတော် အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်းအလိုက် အားကစားပြိုင်ပွဲများတွင် ဝန်ကြီးဌာနအဆင့် အားကစားနည်း



ခြောက်နည်း၌ အုပ်ချုပ်/နည်းပြ၊ အားကစားသမား ၂၅၀၀ ကျော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်း၌ အုပ်ချုပ်/နည်းပြ၊ အားကစားသမား ၆၆၀၀ ကျော်၊ မသန်စွမ်းအားကစားနည်း လေးနည်း၌ အုပ်ချုပ်/နည်းပြ၊ အားကစားသမား ၁၄၀ ကျော် စုစုပေါင်း အင်အား ၉၂၀၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ် ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားနှင့် ကြိုဆိုညစာစားပွဲအခမ်းအနားများသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၇**




ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည့် စီအယ်လ်အမ်ဗွီ (CLMV)နှင့် အက်မက်စ် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို နှစ်နှစ်လျှင် တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများက အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ (CLMV) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၆) ကြိမ်မြောက် အက်မက်စ် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကို နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်ထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ ပါဝင်တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်မြှင့်တင်၍ အားလုံးဝိုင်းဝန်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့အဖွဲ့ဝင်နိုင်ငံများရှိအစိုးရပုဂ္ဂလိကကဏ္ဍများအကြားဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှသာ စီအယ်လ်အမ်ဗွီ (CLMV)နှင့် အက်မက်စ် (ACMECS) ဒေသတွင်း ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ခေတ်ကာလနှင့် လိုက်လျောညီထွေရှိသော နည်းပညာရပ်များကို အသုံးပြုပြီး ဒေသတွင်းခရီးသွားလုပ်ငန်းအဆင့်မှ ကမ္ဘာ့အဆင့်သို့ရောက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ဖြစ်ပေါ်ပြောင်းလဲလာမှုများနှင့် ဒေသတွင်းသို့ ခရီးသွားများ ပိုမိုလာရောက်စေရေးအတွက် ဗီဇာဖြေလျှော့မှု အစီအစဉ်များ၊ ချိတ်ဆက်သွားလာနိုင်ရေးအစီအစဉ်များ၊ ညီအစ်မမြို့တော်ကဲ့သို့ မိတ်ဖက်ဆောင်ရွက်မှုအစီအစဉ်နှင့် လေးနိုင်ငံခရီးစဉ်တစ်ခု၊ ငါးနိုင်ငံခရီးစဉ်ဒေသတစ်ခု စသည့်အစီအစဉ်များကို တိုးချဲ့အကောင်အထည် ဖော်ခြင်းဖြင့် ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အစည်းအဝေးသို့ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကိုကျင်းပရာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးမောင်မောင်ကျော်က အစည်းအဝေးဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး စီအယ်လ်အမ်ဗွီဒေသတွင်းခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ် ၂၀၂၃-၂၀၂၅ အရ အဖွဲ့ဝင်နိုင်ငံအလိုက် ဒေသတွင်း ခရီးသွားလုပ်ငန်း မြှင့်တင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အင်းယားလိတ်ဟိုတယ်ဝင်းအတွင်းရှိ Yangon Convention Center ၌ ကျင်းပလျက်ရှိသော မြန်မာ-ဗီယက်နမ် ကုန်စည်ပြပွဲ ၂၀၂၄ သို့ သွားရောက်ကာ မြန်မာနိုင်ငံက ခင်းကျင်းပြသထားသောပြခန်းများ၊ ဗီယက်နမ်နိုင်ငံမှ ခင်းကျင်းပြသထားသော ပြခန်းများ၊ MSME ပြခန်းများ၊ အဝတ်အထည်နှင့် အစားအစာပြခန်းများ၊ လျှပ်စစ်အိမ်သုံးပစ္စည်းပြခန်းများ၊ လေကြောင်းလိုင်းပြခန်းများ၊ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များက ခင်းကျင်းပြသထားသောပြခန်းများကိုလှည့်လည်ကြည့်ရှုသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၆)ကြိမ်မြောက် အက်မက်စ် ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများသို့ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကို မြန်မာနိုင်ငံမှ ကြိုဆိုညစ်ခဲ့သည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# SolarWinds Network Monitoring System နှင့်စပ်လျဉ်းသည့် အသိပညာများမျှဝေပေးခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၇**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန နှင့် GNE Co.,Ltd တို့ ပူးပေါင်းပြုလုပ်သည့် SolarWinds Network Monitoring System နှင့်စပ်လျဉ်းသည့် အသိပညာများ မျှဝေပေးခြင်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ ၊ GNE Co.,Ltd မှ တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနရှစ်ခုမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက SolarWinds Network Monitoring System သည် ကွန်ရက်စောင့်ကြည့်ရေး Software တစ်ခုဖြစ်ပြီး မိမိတို့၏ IT Environment တွင် ပါဝင်သော Hardware and Software များ၊ Website များ၊ Database များ၏ လုံခြုံရေးနှင့် လုပ်ဆောင်ပေးနိုင်စွမ်းတို့ကို အချိန်နှင့် တစ်ပြေးညီ စောင့်ကြည့်လေ့လာခြင်း၊ ဝန်ဆောင်မှုပေးခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ပြုလုပ်နိုင်မည်ဟု သိရှိရပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ သင်တန်းသားများအနေဖြင့် နှစ်ရက်တာ နည်းပညာမျှဝေပွဲပြီးဆုံးပါက SolarWinds Network Monitoring System နှင့် စပ်လျဉ်းသော အသုံးဝင်ပုံနှင့် အသုံးပြုပုံတို့ကို လက်တွေ့လေ့လာသိရှိနိုင်မည်ဖြစ်ပြီး အခြားသော Monitoring System Software များနှင့် အားသာချက်၊ အားနည်းချက်များကို ချိန်ဆ၍ ရွေးချယ်အသုံးပြုနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ e-Government လုပ်ငန်းစဉ်စနစ်ကို ထိရောက်စွာ အထောက်အကူပြု အကျိုးပြုနိုင်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ICT ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သည့် ဝန်ထမ်းများဖြင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် အထူးကြိုးစားသင်ယူသွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း ပြောကြားပြီး GNE Co., Ltd မှ Branch Office Manager က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ သင်တန်းကာလမှာ နှစ်ရက်ခန့်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၃ ဦး တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုကျူးလွန်ရာမှ ရရှိလာသည့် ပိုင်ဆိုင်မှုပစ္စည်းများ ပြန်လည်ရယူရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (၂၀၂၄-၂၀၂၆) ကို ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ယင်းအစီအစဉ်အရ "အဂတိလိုက်စားမှုကျူးလွန်ရာမှ ရရှိလာသည့် ပိုင်ဆိုင်မှုပစ္စည်းများ ပြန်လည်ရယူရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ" နှင့် "အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ကို ယနေ့တွင် ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

ဦးစွာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက Mr.BAZHUTOV Sergey - Head of the General Department of Criminal Court Proceedings ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ရွှေနန်းတော်ဟိုတယ် Lake View ခန်းမ၌ လက်ခံတွေ့ဆုံပြီး ရှေ့ဆက်ဆောင်ရွက်မည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲအခမ်းအနားကို နံနက် ၉ နာရီတွင် ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ယခုကဲ့သို့ ရုရှားဖက်ဒရေးရှင်း နိုင်ငံနှင့် ကော်မရှင်တို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် လက်မှတ်ရေးထိုးခဲ့ခြင်းဖြင့် နိုင်ငံတကာ အတွေ့အကြုံ ကောင်းများနှင့် သတင်း အချက်အလက်များ ဖလှယ်နိုင်ခြင်း၊ နိုင်ငံတကာအဆင့်မီ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲများ ပူးပေါင်းကျင်းပနိုင်ခြင်း၊ အဂတိလိုက်စားမှုနှင့် စပ်လျဉ်းသည့် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်း ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာရရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖော်ဆောင်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပြည်သူအားလုံး ပူးပေါင်းပါဝင်နိုင်စေရန်နှင့် အဂတိလိုက်စားမှုကို လုံးဝလက်သင့်မခံသည့် လူမှုအသိုက်အဝန်း ဖန်တီးဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည် တည်တံ့ခိုင်မြဲစွာဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်မိပါကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ Mr.BAZHUTOV Sergey က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ပြည်ပတွင်ရောက်ရှိနေသည့် အဂတိလိုက်စားမှုကျူးလွန်ရာမှ ရရှိလာသည့် ပိုင်ဆိုင်မှုပစ္စည်းများ ပြန်လည်ရယူရေးတို့တွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အတွေ့အကြုံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူးက အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ Focal Point များဖွဲ့စည်းခြင်းနှင့် အဖွဲ့ပေါင်းစုံပါဝင်သော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး စကြံ်များတွင် နိုင်ငံများအကြား ညှိနှိုင်းဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ Ms. SHIKHANOVA Anna - Senior Prosecutor က "International cooperation on detection of corruption crimes" နှင့်စပ်လျဉ်း၍လည်းကောင်း၊ Mr.GUDKOV Nikolay- Senior Prosecutor က "Improvement of methods of countering crimes committed with the use of information and communication technologies and in the sphere of computer information, using digital traces to detect persons who commit such deeds" နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ရာ တက်ရောက်လာသည့် ဧည့်သည်တော်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး စကားဝိုင်းဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲတို့မှ ရရှိလာသည့် ရလဒ်များနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

ညပိုင်းတွင် ရွှေနန်းတော်ဟိုတယ် Pool Side ခန်းမ၌ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ Mr.BAZHUTOV Sergey ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ညစာဖြင့်တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ သုခနေလမ်း၊ ခြံအမှတ် (၄/၄၁၃) တွင် ပါတီရုံးချုပ်တည်ရှိသော **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)**သည် ယင်းပါတီ၏အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ သို့ဖြစ်ပါ၍ **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)**က ပြောင်းလဲအသုံးပြုမည့် ဖော်ပြပါ ပါတီအလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှ စ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)၏ အလံပုံစံ**



**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party) ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြင်ပအလင်းရောင်ကို
အသုံးချပါ၊ မလိုအပ်သော
အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ရေချင်းဆက် မြေချင်းဆက် ဆက်နေသော ဥယျာဉ်နှစ်ခု

**တက္ကသိုလ်မြတ်သူ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ချောက်ဖရား – မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပါသည်။ ထို့ပြင် နောက်နှစ်တွင် ကျင်းပမည့် ဧရာဝတီ–ချောက်ဖရား–မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်လွှဲပြောင်းလက်ခံခဲ့ပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့မှ ၁၀ ရက်နေ့အထိ တရုတ်နိုင်ငံခရီးစဉ်သည် (၁) နှစ်နိုင်ငံချစ်ကြည်ရေးပိုမိုတိုးတက်လာခဲ့ခြင်း၊ (၂) နှစ်နိုင်ငံအကြား အပြန်အလှန်တိုးတက်မှု ပိုမိုကြီးထွားလာစေခဲ့ခြင်း၊ (၃) နှစ်နိုင်ငံနယ်စပ်ဒေသ ငြိမ်းချမ်းတည်ငြိမ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အလားအလာကောင်းများရရှိခဲ့ခြင်း၊ (၄) နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးတို့အတွက် အထောက်အကူများစွာရရှိခြင်း စသည့် ရလဒ်ကောင်းများ ပြန်လည်သယ်ဆောင်လာနိုင်ခဲ့သည်ကို တွေ့ရပါသည်။ ထို့ကြောင့် အပြန်ခရီးတွင် တိုင်းရင်းသားပြည်သူများ ဝမ်းပန်းတသာ ကြိုဆိုကြသည်ကို တွေ့မြင်ရပြီး အဖွဲ့အစည်းများ အထူးသဖြင့် ဘာသာရေးအဖွဲ့အစည်းများက ဝမ်းပန်းတသာ ဂုဏ်ယူချီးကျူးသော ကြေညာချက်များ ထုတ်ပြန်ကြသည်ကိုလည်း တွေ့ရပါသည်။

## ရှေးပျူခေတ်ကတည်းက မြန်မာ–တရုတ် ကောင်းမွန်သောဆက်ဆံရေးရှိခဲ့

မြန်မာ–တရုတ် ခင်မင်ရင်းနှီးသော ဆက်ဆံရေး(ပေါက်ဖော်) နှစ်နိုင်ငံချစ်ကြည်ရေးသက်တမ်းသည် အလွန်တရာရှည်ကြာခဲ့ပါပြီ။ မြန်မာနိုင်ငံတွင် ပျူမြို့ပြနိုင်ငံများ အပြိုင်အဆိုင်ထွန်းကားခဲ့စဉ်က ပျူတို့တွင် စာပေ၊ တေးဂီတ အဆိုအက ယဉ်ကျေးမှုထွန်းကားခဲ့သည်။ ပျူတို့သည် သတ္တု၊ ပေ၊ သစ်၊ ကြေး၊ ကနုကမာ၊ ဘူးသီး(ခြောက်)၊ တိရစ္ဆာန်ဦးချိုတို့ကို အသုံးပြုပြီး ကြေး၊ ကြိုး၊ သရေ၊ လေ၊ လက်ခုပ်တူရိယာပစ္စည်းအခြေခံများဖြင့် ကြိုးတပ်တူရိယာ၊ လေမှုတ်တူရိယာ၊ စည်းဝါးတူရိယာ ၂၂ မျိုး တီထွင်ထုတ်လုပ် အသုံးပြုတီးမှုတ်နေခဲ့ပါပြီ။ တရုတ်ဧကရာဇ်က သတင်းကြားသဖြင့် တေးဂီတ အဆို၊ အကတွင် ထူးချွန်လှသော ပျူယဉ်ကျေးမှုအဖွဲ့ကို ဖိတ်ခေါ်ရန် အိမ်ရှေ့မင်းသားအား စေလွှတ်ခဲ့သည်။ အဆို၊ အတီး၊ အကပညာရှင် ၃၅ ဦးလိုက်ပါခဲ့သည်။ တေးသံများ၏ ငြိမ့်ညောင်းမှု၊ အကပညာရှင်များ၏ နွဲ့နှောင်းသွဲ့ပျောင်းသော သာယာညင်းပျောင်းသော တူရိယာသံများ၌ တရုတ်ဧကရာဇ်နစ်မျောနေခဲ့ဖူးကြောင်း တရုတ်သမိုင်းမှတ်တမ်းများ၌ ဖော်ပြထားသည်။ ရှေးပျူခေတ်ကတည်းက မြန်မာ–တရုတ် ကောင်းမွန်သောဆက်ဆံရေး ရှိခဲ့ပြီးဖြစ်ပါသည်။

အင်းဝခေတ်တွင် မြန်မာသံတမန်တစ်ဖွဲ့ တရုတ်ပြည်သို့ သွားရောက်ခဲ့ကြောင်း ကျောင်းတွင်သင်ခဲ့ရပြီး တရုတ်သံရောက် မော်ကွန်းစာအုပ်၌ အခိုင်အမာတွေ့ရပါသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသနိုင်ငံတစ်ခုဖြစ်ပြီး အကျယ်အဝန်း ၂၆၁၂၂၈ စတုရန်းမိုင်ရှိသည်။ မြန်မာနိုင်ငံ၏ နယ်နိမိတ်တွင် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေသော နယ်နိမိတ်မှာ မိုင်ပေါင်း ၃၈၀၃ မိုင်ရှိသည်။ မြန်မာ–တရုတ် နယ်နိမိတ်ထိစပ်မှုက ၁၃၅၇ မိုင်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ၁၅၂ မိုင်၊ အိန္ဒိယနှင့် ၈၅၇ မိုင်၊ ထိုင်းနိုင်ငံနှင့် ၁၃၁၄ မိုင်၊ လာအိုနိုင်ငံနှင့် ၁၂၈ မိုင် ထိစပ်လျက်ရှိသည်။

အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဧရိယာစတုရန်းကီလိုမီတာပေါင်း ၉၆၀၀၀၀၀ ကျယ်ဝန်းသည်။ နိုင်ငံအရှေ့ဖျားမှ အနောက်ဖျားအထိ ကီလိုမီတာ ၅၀၀၀ ရှည်လျားသည်။ နာရီဇုန်လေးဇုန်ရှိသည်။ တောင်နှင့်မြောက်အရှည်မှာ ကီလိုမီတာ ၅၅၀၀ ရှိသည်။ ပြည်နယ် ၂၂ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခု၊ ဗဟိုက တိုက်ရိုက်အုပ်ချုပ်ကာ မြူနီစီပယ်အုပ်ချုပ်ရေးဒေသ သုံးခုရှိသည်။ မြို့တော်မှာ ပေကျင်းဖြစ်သည်။ ယနေ့ လူဦးရေသန်းပေါင်း ၁၃၆၀ ကျော်ရှိသည်။

၁၉၂၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် စတင်တည်ထောင်သော တရုတ်ကွန်မြူနစ်ပါတီ၏ တပ်နီတော်က မော်စီတုန်း ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကာ မြေရှင်ပဒေသရာဇ်များ၊ အရင်းရှင်ခေါင်းပုံဖြတ်များ၊ အနောက်နိုင်ငံများကို ကျောထောက်နောက်ခံပြုထားနေသော ချန်ကေရှိတ်၏ KMT တရုတ်(ဖြူ)များ၊ ကျူးကျော်လာသော ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်ခဲ့ကာ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံခေါ် တရုတ်ပြည်သစ်ကို တည်ထောင်နိုင်ခဲ့သည်။ (ထိုတရုတ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ မော်စီတုန်းဦးဆောင်သော တရုတ်ပြည်သစ်အစိုးရကို ဦးစွာအသိအမှတ်ပြုခဲ့သော နိုင်ငံမှာ မြန်မာနိုင်ငံဖြစ်ပါသည်။)



၂–၁၁–၁၉၅၈ ရက်နေ့က တရုတ်နိုင်ငံ ပေကျင်းမြို့၌ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းနှင့် အာရှ–အာဖရိက စာရေးဆရာများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

တရုတ်တော်လှန်ရေးစစ်ပွဲတွင် ရှုံးနိမ့်ပြီး အမေရိကန်စစ်သင်္ဘောများဖြင့် ထွက်ပြေးရသော ချန်ကေရှိတ်နှင့် နောက်လိုက်တစ်သန်းကျော်အား အမေရိကန်စစ်သင်္ဘောများက ယနေ့ ထိုင်ဝမ်ကျွန်းသို့ သယ်ဆောင်ပို့ပေးခဲ့သည့်အပြင် အဘက်ဘက်မှ ကူညီပံ့ပိုးကာ (ဒုတိယ) တရုတ်နိုင်ငံအဖြစ် တည်ထောင်ခြားနားစေခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နေရာတွင် တရုတ်တစ်နိုင်ငံလုံးကို အုပ်ချုပ်နေသော မော်စီတုန်းဦးဆောင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဝင်ရောက်ခွင့်မပေးဘဲ ပြည်ပြေး စစ်ရှုံးချန်ကေရှိတ်၏ ထိုင်ဝမ် (တရုတ်ဖြူ) ကိုသာ ထိုနေရာ၌ ဆက်လက်ပါဝင်ခွင့်ပြုထားခဲ့သည်။ မြန်မာနိုင်ငံက တရုတ်ပြည်သစ်အစိုးရအား ကုလသမဂ္ဂဝင်ခွင့်ပြုရေးကို ဦးဆောင်ကြိုးပမ်းခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင်မှ (အမေရိကန်သမ္မတ နစ်ဆင် လက်ထက်) တရုတ်ပြည်သစ်အစိုးရကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ပါဝင်ခွင့်ရရှိစေခဲ့သည်။

## နှစ်နိုင်ငံချစ်ကြည်ရေးစာချုပ်များ အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့

ချန်ကေရှိတ်၏ တရုတ်စစ်ရှုံးပြည်ပြေး KMT (တရုတ်ဖြူ) တပ်များကို အမေရိကန် စီအိုင်အေက ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျူးဝင်နေရာချထားပေးမှုကို မြန်မာအစိုးရက ကုလသမဂ္ဂသို့တိုင်တန်းပြီး ဖယ်ထုတ်ခဲ့ရသည်။ ထိုတရုတ်ဖြူလက်ကျန် ဘိန်းလုပ်ငန်း၊ ဘိန်းဖြူလုပ်ငန်းများဖြင့် စီးပွားရှာလာသော တရုတ်ဖြူများကို မြန်မာ့တပ်မတော်က တိုက်ထုတ်ခဲ့ရသည်။ ယနေ့ထိုင်ဝမ်မှ တရုတ်ဖြူအစိုးရဆိုသည်ကို မြန်မာက အသိအမှတ်မပြု (သံတမန်မဆက်သွယ်ပါ။)

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ လာအို၊ ထိုင်းနိုင်ငံများနှင့် နယ်နိမိတ်တိုင်းတာ စာချုပ်ခြင်းကို လုပ်ဆောင်ခဲ့ရာ ပြည်တွင်းဝင်နှောင့်နေသည့် အမေရိကန် CIA ထောက်လှမ်းရေးအေးဂျင့်များက မြန်မာ–တရုတ် နယ်နိမိတ်စာချုပ် မချုပ်ဖြစ်အောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်နေခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် မြန်မာ–တရုတ်နယ်နိမိတ်စာချုပ် နှစ်နိုင်ငံချစ်ကြည်ရေးစာချုပ်များ အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ပါသည်။

ကျွန်တော်သည် စာရေးဆရာကိုယ်စားလှယ်နှင့် သတင်းစာဆရာကိုယ်စားလှယ်အဖြစ် တရုတ်နိုင်ငံသို့ ငါးခေါက်ရောက်ခဲ့ဖူးသည်။ ၁၉၅၈ ခုနှစ် နိုဝင်ဘာလက ဆိုဗီယက်ပြည်ထောင်စုအဖွဲ့ဝင်–ဥဇဘက်ကစ္စတန်နိုင်ငံ မြို့တော် တာရှကင်း၌ ကျင်းပသည့် အာရှ–အာဖရိကစာရေးဆရာများ (ပထမအကြိမ်) ညီလာခံသို့ ဆရာဇေယျ ခေါင်းဆောင်သော မြန်မာစာရေးဆရာ ကိုယ်စားလှယ်အဖွဲ့တွင် ကျွန်တော်ပါဝင်ခဲ့သည်။

ညီလာခံအပြီး မော်စကို လီနင်ဂရက်(စိန့်ပီတာစဘတ်)မြို့တော်သို့ ၁၀ ရက်ခန့် လေ့လာပြီး ၂၄–၁၀–၁၉၅၈ ရက် ညက မော်စကို ကရင်မလင်နန်းတော် ဆိုဗီယက် ဆူပရင်းခန်းမ၌ ဆိုဗီယက်ဝန်ကြီးချုပ် ကရူးရှက်က ညစာတည်ခင်းသည့်ပွဲ တက်ခဲ့သည်။ တရုတ်ယဉ်ကျေးမှုဝန်ကြီး ချင်ယန်ပင်း (စာရေးဆရာကလောင်အမည် မော်ကွန်း) က အာရှ–အာဖရိက စာရေးဆရာများကို တရုတ်ပြည်သို့ လိုက်ပါလည်ပတ်လေ့လာပါရန် ဖိတ်ကြားသည်။ စာရေးဆရာသမဂ္ဂဥက္ကဋ္ဌလည်းဖြစ်သော စာရေးဆရာကြီး မော်ကွန်း၏ ဖိတ်ကြားချက်ဖြင့် အာရှ–အာဖရိက စာရေးဆရာ ၃၀ ခန့်နှင့်အတူ မြန်မာစာရေးဆရာ ဦးကြည်မြ၊ ဦးသာညွန့်နှင့် ကျွန်တော်တို့ လိုက်ပါခဲ့သည်။ ပေကျင်း၊ ရှန်ဟိုင်း၊ ဝူဟန်၊ ဟန်ကျိုး၊ ချုံချင့်၊ ကူမင်းမြို့များသို့ ရက်သတ္တနှစ်ပတ်ကြာ လည်ပတ်လေ့လာခဲ့သည်။ ရောက်လေရာမြို့များမှ တရုတ်စာရေးဆရာများက ဧည့်ခံကြသည်။ ဧည့်ခံပွဲများတွင် **“တရုတ်–မြန်မာချစ်ကြည်ရေး အစွန့်ရှည်ပါစေ”** ဟူသော ဆုတောင်းသံများ မပြတ်ကြားခဲ့ရသည်။

၁၉၆၂ ခုနှစ် ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့တော်၌ ကျင်းပသည့် (၅၆) ကြိမ်မြောက် ကမ္ဘာ့လူငယ်ပွဲတော်တက်ရန် မြန်မာလူငယ် ၃၀ ဦးစွာ ပေကျင်းသို့သွားရောက်ကာ တရုတ်–ရုရှားနယ်စပ်မှ ထွက်ခွာခဲ့ရာ ပွဲတော်အထူးရထားကို စောင့်ရင်း ၁၂ ရက်ကြာ ပေကျင်းတွင် လေ့လာခဲ့သည်။ မြန်မာ–တရုတ် ချစ်ကြည်ရေး အစွန့်ရှည်ပါစေဟူသောဆုတောင်းသံများ ဆက်တိုက်ကြားခဲ့ရသည်။

၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံတက်နေသည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်ကျွန်တော်နှင့် ဟင်္သာတမြင့်ငွေ၊ ရုပ်ရှင်မှ ဒါရိုက်တာမောင်ဝဏ္ဏ၊ ပညာရေးတက္ကသိုလ်မှ ဒေါက်တာမတင်ဝင်း၊ မြဝတီမဂ္ဂဇင်း အယ်ဒီတာချုပ် ဦးမောင်လေး၊ စာပေဗိမာန်မှ စာရေးဆရာမ မနှင်းဖွေးတို့ ယူနန်စာရေးဆရာအဖွဲ့ ဖိတ်ကြားချက်အရ ရက်သတ္တနှစ်ပတ် သွားရောက်လေ့လာခဲ့သည်။ သူ့ဘက်ကိုယ့်ဘက် ချစ်ကြည်ရေးသံများ အဆက်မပြတ်ခဲ့ပေ။ ကျွန်တော်နှင့် ဟင်္သာတမြင့်ငွေတို့က ချစ်ကြည်ရေးကဗျာများ ရေးစပ်ရွတ်ဆိုခဲ့ကြသည်။

စာမျက်နှာ ၁၁ သို့ ❍

> **“တရုတ်ခေါင်းဆောင်များနှင့် တရုတ်ပြည်သူတို့သည် ကြားလေသွေးမခံ၊ ပြည်ပနယ်ချဲ့သတင်းရေဒီယို၊ ရုပ်မြင်သံကြားများ လုံးဝနားမထောင် နားမယောင်ကြဘဲ ဆင်းရဲကျပ်တည်းသော တရုတ်ပြည်သူများကို ယနေ့ ကမ္ဘာ့စီးပွားအဖြစ်ထွန်းဆုံးနိုင်ငံအဆင့်ရောက်အောင် ပြိုင်တူတွန်း၍ ရွေ့ခဲ့ကြသည်ကို တွေ့ရပါသည်။ “တကယ်လုပ် အဟုတ်ဖြစ်ရမည်”ဆိုသောစကားကို တိကျပြတ်သားသော ခေါင်းဆောင်မှု၊ ပြည်သူတို့၏ မတွေဝေမယိမ်းမယိုင် ကြားလေသွေးမခံ၊ သွေးခွဲမခံ ညီညွတ်စုပေါင်းပါဝင်”**

❍ စာမျက်နှာ ၁၀ မှ

၂၀၁၅ ခုနှစ်တွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ စေလွှတ်၍ မြန်မာမီဒီယာသမားငါးဦးအဖွဲ့ ရှန်ဟိုင်းသို့ သွားရောက်လေ့လာရပြန်သည်။ ထိုအဖွဲ့တွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ အမှုဆောင် ဦးထွန်း၊ ကျွန်တော်၊ ပြည်ထောင်စုသတင်းစာမှ ဦးဝင်းတင် (သီဟအောင်)၊ ရန်ကုန်မီဒီယာဂရု(ပ်)မှ ဦးဇော်ဝင်းနိုင်၊ မန္တလေးမှ သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဌေးအောင်၊ စာရေးဆရာ အောင်စွမ်းတို့ ပါဝင်ကြသည်။ ရှန်ဟိုင်းမြို့သစ်ကို နှံ့နှံ့စပ်စပ် လေ့လာကြရသည်။

၂၀၁၈ ခုနှစ် ( ကျွန်တော်အသက် ၈၇ နှစ်)တွင် တရုတ်-မြန်မာ ချစ်ကြည်ရေးလိုလားသူအစုအဖွဲ့များကဖိတ်၍ ဦးထွန်း၊ ကျွန်တော်နှင့် ဆရာ အောင်သန့်ဇင်တို့ သွားရောက်လေ့လာရပြန်သည်။ တရုတ်နိုင်ငံသို့ ရောက်လာတိုင်း နှစ်နိုင်ငံချစ်ကြည်ရေး၊ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးစကားသံများ မပြတ်ကြားခဲ့ရပါသည်။

တရုတ်ခရီးစဉ် ငါးခေါက်တွင် သတိပြုမိသည်မှာ တရုတ်ခေါင်းဆောင်များနှင့် တရုတ်ပြည်သူတို့သည် ကြားလေသွေးမခံ၊ ပြည်ပနယ်ချဲ့သတင်းရေဒီယို၊ ရုပ်မြင်သံကြားများ လုံးဝနားမထောင်နားမယောင်ကြဘဲ ဆင်းရဲကျပ်တည်းသော တရုတ်ပြည်သူများကို ယနေ့ ကမ္ဘာ့စီးပွားအဖြစ်ထွန်းဆုံးနိုင်ငံအဆင့်ရောက်အောင် ပြိုင်တူတွန်း၍ ရွေ့ခဲ့ကြသည်ကို တွေ့ရပါသည်။ **“တကယ်လုပ် အဟုတ်ဖြစ်ရမည်”**ဆိုသော စကားကို တိကျပြတ်သားသော ခေါင်းဆောင်မှု၊ ပြည်သူတို့၏ မတွေဝေ မယိမ်းမယိုင် ကြားလေသွေးမခံ၊ သွေးခွဲမခံ ညီညွတ်စုပေါင်းပါဝင်ကြသဖြင့် တရုတ်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်၏ တရုတ်စီးပွားပြုပြင်ပြောင်းလဲရေး၊ တရုတ်ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ် အောင်မြင်ပန်းဝင်ခဲ့သည်ကို နီးနီးကပ်ကပ် မြင်တွေ့ခဲ့ရသည်။

## မြန်မာတို့အတွက်သာသုံးသော စကားလုံးတစ်လုံး သီးသန့်ရှိနေခဲ့

နိုင်ငံချင်းဆက်ဆံရေး၌ အပြန်အလှန်နားလည်မှုရှိရေး၊ အပြန်အလှန်ချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဟူသော စကားအသုံးအနှုန်းများကို သုံးလေ့ရှိကြပါသည်။ မြန်မာနှင့် တရုတ်တို့ ဆက်ဆံရေးတွင်မူ အခြားနိုင်ငံများအတွက်မသုံးဘဲ မြန်မာတို့အတွက်သာသုံးသော စကားလုံးတစ်လုံး သီးသန့်ရှိနေခဲ့သည်။ ယင်းစကားလုံးကား **“ဆွေမျိုးပေါက်ဖော်”**ဟူသော စကားလုံးဖြစ်ပေသည်။

တရုတ်တို့သည် အနုပညာဘက်တွင် ထူးချွန်ကြ၏။ တီထွင်ကြံဆမှု၌ အားသန်ကြသည်။ ဖွဲ့ဝီရိယကောင်းကြ၏။

ကမ္ဘာပေါ်တွင် စက္ကူကို ပထမဆုံးတီထွင်ထုတ်လုပ် အသုံးပြုသူမှာ တရုတ်နိုင်ငံဖြစ်သည်။ (ရှေးအကျဆုံး တီချောင်သတင်းစာ တရုတ်တို့ ထုတ်ဝေခဲ့သည်။) ပုံနှိပ်ခြင်းအတတ်ကိုလည်း တရုတ်တို့က စတင်ခဲ့သည်။ ခရီးသွားရာ၌ အရပ်မျက်နှာ မျက်စိမလည်စေရန် အသုံးပြုသည့် မြောက်အရပ်ကို အမြဲညွှန်ပြသော သံလိုက်အိမ်မြှောင် (Compass)၊ လက်နက်များပြုလုပ်ကာကွယ်ရာ၌ အဓိကကျသော ယမ်းကိုလည်း တရုတ်တို့ တီထွင်ခဲ့သည်။ သိုးမွေးမြူပြီး ပိုးထည်ထုတ်လုပ်ခြင်း အတတ်ကိုလည်း တရုတ်တို့ စတင်တီထွင်ခဲ့သည်။ ကြွေထည်၊ ကြွေပန်းကန် စသည်တို့ကိုလည်း တရုတ်တို့ တီထွင်သဖြင့် ကြွေထည်ပစ္စည်းကို အင်္ဂလိပ်ဘာသာစကား၌ China ware (တရုတ်လုပ်ကြွေထည်)ဟု သုံးနှုန်းကြသည်။

ကျွန်တော်၏ တရုတ်ပြည်ခရီးစဉ်များ၌ တွေ့ရသော အံ့သြလောက်ဖွယ် တရုတ်တို့၏ စွမ်းဆောင်မှုများကို တင်ပြပါရစေ။ ၁၉၅၈ ခုနှစ် ပထမဆုံးအခေါက်က ပေကျင်းမြို့တော်မှ ကားဖြင့်သွားရသောနေရာတွင် ဂရိတ်ဝေါ ခေါ် တရုတ်ပြည်တံတိုင်းကြီးကို တွေ့ရသည်။ တရုတ်ဧကရာဇ် ရှီဟောင်တီလက်ထက် ပင်ပန်းခံ၊ အကုန်ကျခံ၍ တည်ဆောက်ခဲ့သော မြို့ရိုးတံတိုင်းကို ကျော်လွန်သော တိုင်းပြည်စည်းရိုးတံတိုင်းကြီးဖြစ်သည်။ တံတိုင်းကြီးကား ကျောက်အုတ်တို့ဖြင့် တည်ဆောက်ထားကာ အမြင့်ပေ ၃၀ ခန့် တံတိုင်းပေါ်မှ စင်္ကြံလမ်းသည် ၁၀ ပေသာကျယ်၏။ ဘေးတစ်ဖက်တစ်ချက်၌ သူရဲခိုကဲ့သို့ ကာရံထားကာ မိုင်ပေါင်း ၂၅၀၀ ကျော်ရှည်ပြီး တောင်တန်းများပေါ်သို့ ဖြတ်ကျော်တည်ဆောက်သည့် ကမ္ဘာ့အံ့ဖွယ်စာရင်းဝင်၏။

ဟန်ချောင်(ဟန်ကျိုး)မြို့တွင်မူ ပိုးချည်ဖြင့် ရက်လုပ်သော ပန်းချီကားလုပ်ငန်းရှိသည်။ မြန်မာနိုင်ငံမှ ဗိုလ်ချုပ်အောင်ဆန်းပုံ၊ ဗိုလ်ချုပ်ကြီးနေဝင်းပုံ၊ သမ္မတကြီး မန်းဝင်းမောင်ပုံတို့ကို ၂ ပေ x ၃ ပေ အရွယ် ပိုးဖြင့် ရက်လုပ်ထားသည်။ တောတောင်မြို့ရွာ ရှုခင်းပန်းချီများကိုလည်း အမြင့် တစ်ပေခွဲ၊ အလျား ရှစ်ပေခန့်ရှိအောင် ရက်လုပ်ထားသည်။ လက်ဝါးအရွယ်ခန့်ရှိ ကားလ်မက်စ်၊ ဖရက်ဒရစ်အိန်ဂျယ်၊ စတာလင်၊ လီနင်၊ မော်စီတုန်းတို့၏ ပုံတူပိုးပန်းချီများကို တစ်ခုလျှင် ၁၀ ဆင့်၊ တစ်ယွမ် စသည်ဖြင့် ဝယ်ယူခဲ့ဖူးပါသည်။

ပေကျင်းမှ ကားဖြင့် မိုင် ၃၀ ခန့် သွားရသော တောတောင်အရပ်၌ ရှေးခေတ်မင် မင်းဆက် ဘုရင် ၁၃ ပါး၏ သင်္ချိုင်းဂူများရှိရာ ဒေသတွင် ကြီးမားသော ရေလှောင်ကန်ကြီးကို ၁၉၅၈ ခုနှစ်က တည်ဆောက်ခဲ့သည်။ အရှည်ပေ ၂၀၀၀၊ အကျယ်ပေ ၂၅၀ ကျော်၊ အမြင့်ပေ ၉၀ ရှိ ရေလှောင်ကန်ကို အင်္ဂလန်အင်ဂျင်နီယာများက ငါးနှစ်ကြာအောင် တည်ဆောက်ရမည့် စီမံချက်ရေးဆွဲထားမှုကို တရုတ်အင်ဂျင်နီယာတို့က သုံးနှစ်ခွဲအတွင်း ပြီးအောင်ပြန်ဆွဲကြသည်။ လက်တွေ့၌ မော်စီတုန်းနှင့် တရုတ်ခေါင်းဆောင်ကြီးများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ လာရောက်လုပ်အားပေးကြသဖြင့် ထိုရေလှောင်ကန်ကို ရက်ပေါင်း ၁၆၀ တွင် ပြီးစီးခဲ့ရာ ကုန်ကျစရိတ်ယွမ်ငွေ နှစ်ကုဋေ လျာထားသော်လည်း လူထုလုပ်အားကြောင့် ယွမ်လေးသန်းသာ ကုန်ကျခဲ့သည်။ ထိုရေလှောင်ကန်ဝန်းကျင်၌ လူအများ လာရောက်အပန်းဖြေရန် လိုအပ်သည့် ဟိုတယ်များအပါအဝင် လိုအပ်သမျှတည်ဆောက်ထားရှိသည်။ ငါးမွေးမြူရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးများ ၂-၇-၁၉၅၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

နောက်ဆုံးအခေါက်တွင် ယိကျန်းမြို့နယ်အတွင်းရှိ ယန်စီမြစ်၏ မြစ်ကျဉ်းသုံးခုဒေသတွင် မြစ်ရေကို တားဆီးသိုလှောင်မည့် ဆည်တမံကြီးကို လေ့လာခွင့်ရခဲ့ပါသည်။ ယန်စီမြစ်သည် တရုတ်နိုင်ငံအနောက်ဖျားမှစတင်ကာ အရှေ့ဖျား အရှေ့တရုတ်ပင်လယ်တွင် စီးဝင်သည်။ ရှေးဟောင်းယဉ်ကျေးမှုထွန်းကားရာ မြစ်ဝှမ်းဖြစ်သည်။ နှစ်စဉ် ရေကြီးရေလျှံဖြစ်သည်။ ၁၀ နှစ် တစ်ကြိမ် အပျက်အစီးများပြားလှသော ရေကြီးမှုဖြစ်တတ်သည်။ ထိုနေရာတွင် ဆည်ဆောက်ပြီး မြစ်ရေကိုထိန်းချုပ်ရန် ဆည်ဆောက်မည်၊ ရေရှားပါးသောဒေသများသို့ ရေပို့လွှတ်မည်၊ လျှပ်စစ်ဓာတ်အားလည်း ထုတ်လုပ်မည်ဟု ရည်ရွယ်ကာ တရုတ်အမျိုးသားခေါင်းဆောင်ကြီး ဆွန်ယက်ဆင်က စိတ်ကူးယဉ်ခဲ့ဖူးသည်။ ငွေကြေးအကုန်အကျများ၍ မဆောက်ဖြစ်ခဲ့။ ဥက္ကဋ္ဌ မော်စီတုန်းက မြစ်ကျဉ်းသုံးဆိုင်နေရာတွင် ရောမရေအိုင်ကြီးဖြစ်လိုကြောင်း ချင်ခြင်းတပ်ခဲ့သည်။ ချူအင်လိုင်းတို့က ဖြစ်အောင် ကြိုးစားသည်။

အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်စသည့် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံကြီးများက ထိုစီမံကိန်းကြီးမှာ ကြီးလွန်းသည်။ ငွေကုန်ကြေးကျများမည်။ အောင်မြင်ဖြစ်ထွန်းရန် အလားအလာမရှိ၍ မဆောက်ရန် ဝိုင်းလှော်ကြသည်။ တရုတ်တို့က မြစ်တစ်ဖက်ကမ်းတွင် တောင်များကို လိုဏ်ခေါင်းတူးလမ်းဖောက်လာသည်။ ဆည်ဆောက်ရန် လိုအပ်သောပစ္စည်းများသယ်ပို့ပေးခဲ့သည်။ ယန်စီမြစ်၏ မြစ်ရေစီးကြောင်းကို ပိတ်မည်၊ ရေကြောင်းလွှဲမည်၊ မြစ်ရေကို ထုထည်ကြီးမားစွာ သိုလှောင်ဖြန့်ဖြူးနိုင်သော ဆည်ကြီးဖြစ်ရန် မြစ်အောက်ခြေတွင် ကျောက်တုံးကြီးများ တန်ချိန်သန်းချီ၍ ချရမည်။ ဆည်နှင့်မလွတ်သော လူတစ်သန်းကျော်၏ အိမ်ရာများကို မြစ်တစ်ဖက်ကမ်းတောင်ကြောပေါ် ရွှေ့ဆောက်ပေးသည်။ မြစ်ရေကိုပိတ်ပြီးဆည်ကြီးဆောက်ပြီးသောအခါ ယန်စီမြစ်သည် ဆည်ကြီး၏ အောက်ခြေတွင် မီတာ ၁၀၀ (အချို့နေရာများတွင် မီတာ ၃၀၀) မြင့်တက်လာရာ ဆည်အောက်မှ မြစ်ကြောင်းနှင့် ဆည်ရေမျက်နှာပြင်တို့မီတာ ၁၀၀ ကျော်မြင့်နေသည်။

ကျွန်တော်တို့သည် ယိကျန်းမှ လူ ၃၀၀ ပါ သုံးထပ်သင်္ဘောဖြင့် ဆန်တက်ခဲ့ရာ ဆည်အခြေအရောက် မြစ်ကြောင်းသည် လမ်းဆုံးသွားတော့သည်။ သင်္ဘောကို သံမဏိအကာများ လေးဘက်လေးတန် ကာထားသည့်အခန်းတွင်းသို့ မောင်းဝင်ကာ တံခါးများ ပိတ်လိုက်သည်။ ထို့နောက် ရေများသွင်း၍ အောက်မှတွန်းတင်လိုက်သောအခါ အပေါ်သို့ မီတာ ၃၀၀ လောက်မြင့်တက်လာပြီး ဆည်ရေမျက်နှာပြင်နှင့် ညီသောနေရာတွင် ရှေ့မှ တံခါးကြီးနှစ်ချပ်ဖွင့်ကာ သင်္ဘောက ဆည်ရေပြင်ပေါ် မောင်းတက်ခဲ့သည်။ အပြန်တွင်လည်း အလားတူ သင်္ဘောရောလူပါဆင်းကြရပြီး ယန်စီမြစ်အတိုင်း အစုန်အဆန် သွားလာခုတ်မောင်းသော သင်္ဘောဟူသမျှ အဖိုးအခမယူဘဲ ဆည်ပေါ်တင်ပေးခြင်း၊ ဆည်အောက်ပြန်ချပေးခြင်းများ လုပ်ပေးသည်။ ကျွန်တော်တို့သည် နောက်တစ်နေ့ ဆည်သို့ထပ်သွားကာ ဆည်တည်ဆောက်ရေးရုံးခန်းများ၊ ပြခန်းများ လေ့လာရသည်။ နိုင်ငံကြီးများက မဖြစ်နိုင်ဘူး၊ မလုပ်နဲ့ဟု ဝိုင်းတားသည့်ကြားက တရုတ်တို့၏ တကယ်လုပ်အဟုတ်ဖြစ်ရမည်ဟူသော ကြံရည်ဖန်ရည် လုပ်ရည်ကိုင်ရည်နှင့် ဇွဲ၊ လုံ့လ၊ ဝီရိယက လက်ဖျားခါလောက်ပါပေသည်။

ကျွန်တော်၏ ပထမဆုံးအခေါက် တရုတ်ပြည်ခရီးသည် ၁၉၅၈ ခုနှစ်ကဖြစ်ရာ ယခု ၂၀၂၄ ခုနှစ်တွင် နှစ်ပေါင်း ၆၆ နှစ်ပင် ကြာခဲ့ပြီဖြစ်ပါသည်။ နောက်ဆုံး ပဉ္စမအခေါက်က ၂၀၁၈ ခုနှစ်ဖြစ်၍ ခြောက်နှစ်သာရှိပါသေးသည်။ ပထမအခေါက် အတွေ့အကြုံများကို တရုတ်မိတ်ဆွေများအား ပြန်ပြောပြသောအခါ သူတို့က အဲဒီအချိန် ကျွန်တော်တို့ကို မွေးတောင်မမွေးသေးဘူးဟု ပြောကြသည်။

မြန်မာနိုင်ငံရှိ ပျူခေတ်၏ အံ့ဖွယ်ယဉ်ကျေးမှု အနုပညာများ၊ စေတီပုထိုးများ၊ သရေခေတ္တရာခေတ်က စေတီတော်၊ ရုပ်ပွားတော်များ၊ ပုဂံခေတ်မှ ယနေ့တိုင် ကမ္ဘာက ရင်သပ်ရှုမော လာရောက်ဖူးတွေ့လေ့လာနေရသော ပန်း ၁၀ မျိုး အနုပညာ၊ ဘိလပ်မြေမပေါ်ပေါက်ခင်က အံ့မခန်းဗိသုကာလက်ရာများ၊ ကဗျာတေးဂန္ထဝင် စာပေဂီတ အနုပညာများကို ကမ္ဘာက သိမှတ်ထားကြသည်။ ရွှေတိဂုံစေတီတော်ကြီး၏ အံ့ဖွယ်များ၊ အနုပညာဗိသုကာလက်ရာများကလည်း ကမ္ဘာကို အံ့သြရင်သပ် ရှုမောဖြစ်စေပါသည်။

## လွန်ခဲ့သော နှစ်ပေါင်းသန်း ၄၀ က မြန်မာလူတူ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ

**ကျောက်ခေတ်မြန်မာလူသား၊ လွန်ခဲ့သော နှစ်ပေါင်းသန်း ၄၀ က မြန်မာလူတူ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများအရ ကမ္ဘာ့လူသားအစ ပုံတောင်ပုံညာကဟု ဂုဏ်ယူဝင့်ကြွားနိုင်ကြပါသည်။ မြန်မာများ အသိရှိရှိ၊ သတိမြဲမြဲဖြင့် ဇွဲလုံ့လအရင်းခံ ညီညွတ်စည်းလုံးမှုအားများဖြင့် ကြိုးစားလိုက်ကြလျှင် တကယ်လုပ် အဟုတ်ဖြစ်နိုင်သော သဘာဝသယံဇာတ၊ ရေမြေအရင်းအမြစ်များဖြင့် အဘယ်ကြောင့် ရွှေနိုင်ငံမဖြစ်နိုင်ရမှာလဲဟု ပြောပါရစေ။ တကယ်လုပ် အဟုတ်ဖြစ်လာမည်။ ပြိုင်တူတွန်းလျှင် ရွှေ့လာပါလိမ့်မည်။**

မြန်မာတို့၏ ဆွေမျိုးပေါက်ဖော် တရုတ်ပြည်ကြီး၏ ညီညွတ်မှု၊ ဇွဲရှိမှုကိုလည်းကောင်း၊ တရုတ်-မြန်မာ ထာဝရချစ်ကြည်ရင်းနှီးမှုကိုလည်းကောင်း နှလုံးသွင်းပြီး ကြိုးစားလိုက်ကြပါစို့ဟု နှိုးဆော်ရင်း မြန်မာနှင့် တရုတ် နှစ်နိုင်ငံသည် ရေချင်းဆက်၊ မြေချင်းဆက်၊ တောင်ချင်းဆက်၊ လယ်မြေချင်းဆက်သကဲ့သို့ လူမျိုးချင်းလည်း ဆက်မိနေသဖြင့် ၁၉၉၃ ခုနှစ်က ကူမင်းမြို့တော်သို့ ရောက်ခဲ့စဉ် ကျွန်တော်ရေးဖွဲ့ရွတ်ဆိုခဲ့သော ဆက်နေသော ဥယျာဉ်ကြီးနှစ်ခု ကဗျာဖြင့် ဤချစ်ကြည်ရေးဆောင်းပါးကို နိဂုံးချုပ်ပါရစေ။

### ဆက်နေသောဥယျာဉ်ကြီးနှစ်ခု

✤ ဇာတိချက်ကြွေ၊ မြန်မာ့မြေ၌
ညိုရွှေ ဖြူ ဝါ၊ စိမ်း နီ ပြာလွင်
ရောင်မျိုးဆင်လျက်၊ နွယ်ပင်ပန်းချုံ
ပွင့်မျိုးစုံ၍၊ သင်းထုံဝေလွင်
ပန်းဥယျာဉ်နှယ်၊ ငှါရင်ခံစား
သွေးချင်းများတို့၊ ကယား ကချင်
ကရင်နှင့် ရှမ်း၊ ရောပြွမ်းနေကြ
ဝ နှင့် ပလောင်၊ ပဒေါင် အာခါ
ချင်း ဗမာလည်း၊ ဂျိမ်းဖောတွဲလျက်
ယင်းနက် လားဟူ၊ ဘယ်သူခွဲမရ
နာဂ ရခိုင်၊ အချစ်ပြိုင်တူ
လီဆူ ခမီး၊ မရမာကြီး....တဲ့
တစ်နည်းပအိုဝ်း၊ မွန်တို့ပါဝင်
ရေတွက်လျှင်သော်၊ တစ်ရာကျော်သွား
သုံးဆယ့်ငါးမျိုး၊ တို့အမျိုးတွေ
စုစည်းနေတဲ့၊ တို့မြေပြည်ထောင်စု
ထည်ဝါမှုကို၊ ဘယ်ဥယျာဉ်မှ
ယှဉ်မရအောင်၊ လှပဖူးပွင့် သင်းထုံလျက်။

✤ ယူနန်ပြည်နယ်၊ အလည်တစ်ခေါက်
ကြုံလာရောက်ရ၊ ဘယ်လောက်လှတဲ့ဥယျာဉ်လဲ
ဒီမှာလည်းရှမ်း၊ မြန်မာရှမ်းနဲ့
ခွဲခြမ်းမရ၊ အာခါ ဝ လည်း
တွေ့တာပဲနော်၊ ဂျိမ်းဖောကချင်
သွေးစပ်လျှင်မူ၊ လီဆူဟာလည်း
အမျိုးပဲမဟုတ်လား။

✤ ယူနန်ဥယျာဉ်၊ ပန်းစုံလင်လှ
ပြာလွင်ခရမ်း၊ မရမ်းနီတျာ
ညိုဝါစိမ်းလဲ့၊ ပွင့်လှတဲ့ပန်းငုံ
ထုံလှတဲ့ရနံ့၊ ခံ့လှတဲ့အဆင်း
တိုင်းရင်းသားချင်း၊ ပြိုင်ဆိုင် ပိုင်-တဲ့၊ ယိ-တဲ့။
ချစ်ကြည်ခင်မင်၊ သည်ဥယျာဉ်လည်း
ပြိုင်လျှင်ပြိုင်သူ ရှုံးပေလိမ့်တကား။

✤ ယူနန်နဲ့မြန်မာ၊ အညာနဲ့အကြေ
မြစ်တွေအစင်းစင်း၊ လယ်ကွင်းတွေ အဆောင်ဆောင်
တောင်တွေ အတန်းတန်း၊ ပန်းတွေအရုံရုံ
ရေစုံ မြေစုံ၊ အကုန်တစ်ဆက်တည်း
လူမျိုးလည်းနှစ်မြေခွ၊ နေလာကြတာ ကြာပါပကော။

✤ လူမျိုးချင်းဆက်၊ မြေချင်းဆက်၍
ရေဆက် တောင်ဆက်၊ မြစ်တွေဆက်ခဲ့
ဟိုဘက်ဥယျာဉ်၊ သည်ဘက်တွင်လည်း၊ ပန်းတွေပဲပေါ့
မခွဲမခြား၊ တစ်ဆက်တည်းလျှင်၊ ဥယျာဉ်တစ်ခု
ပမာပြုလောက်၊ ဂုဏ်မြောက်လှတဲ့ တူညီမှု
အစဉ်အလာ၊ နှစ်ရာထောင်ချီ
ချစ်ကြည်ခဲ့တဲ့ တို့နှစ်ပြည်
ဘယ်သူခွဲခွဲ၊ တို့မကွဲဘဲ
လက်တွဲပူးပေါင်း၊ နှစ်သောင်းသိန်းချီ ချစ်ကြမည်ဟု
နှစ်ပြည် မိဋ္ဌာန်ပြုလျက်တကား။ ။






# မော်လမြိုင်၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အနေဖြင့် အကြမ်းဖက်ခံရသည့် အမျိုးသမီးများကို ယာယီလက်ခံစောင့်ရှောက်ပေးနိုင်ရေးအတွက် မော်လမြိုင်မြို့၌ One Stop Women Support Center (OSWSC)ကို ဖွင့်လှစ်ထားရှိပြီး အမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့် သက်မွေးဝမ်းကျောင်းပညာတတ်မြောက်ရေးအတွက် ဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ ဥပဒေပြုရေးစသည့် ကဏ္ဍများတွင် လူအင်အား၊ ငွေအင်အား၊ အသိဉာဏ်ပညာအားများဖြင့် စွမ်းဆောင်နိုင်သလောက် ပိုမိုမြှင့်တင်ဖော်ဆောင်ပေးသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု Video Clip အားပြသနေမှုကိုလည်းကောင်း၊ နွေးထွေးသောရင်ခွင်အဖွဲ့က “ဆေးရောင်မလှခဲ့သောပန်းချီ” ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ခန်းမအတွင်း ခင်းကျင်းပြသထားသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# (၁၃)ကြိမ်မြောက် In Person – Virtual စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ် ပေးအပ်သည့်အခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၄) တွင် (၁၃) ကြိမ်မြောက် In Person – Virtual စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကျင်းပရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးခင်မောင်ကြီး တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် အထက်တန်းရှေ့နေ ၂၀၄ ဦး တက်ရောက်ကြပြီး နေပြည်တော်ကောင်စီနယ်မြေနှင့် မန္တလေးမြို့တို့မှ အထက်တန်းရှေ့နေ ၅၅ ဦးတို့ ကိုယ်တိုင်တက်ရောက်ကြကာ အထက်တန်းရှေ့နေ စုစုပေါင်း ၂၅၉ ဦးတို့ကို တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ပြီး တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ရရှိသူများက ကတိသစ္စာပြုကြသည်။



အခမ်းအနားသို့ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးမှ တာဝန်ရှိသူများ၊ ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



# မှော်ဘီမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

မှော်ဘီ နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် နည်းပညာတက္ကသိုလ်(မှော်ဘီ)တို့ ပူးပေါင်း၍ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက နည်းပညာတက္ကသိုလ်(မှော်ဘီ)၌ ကျင်းပသည်။

အခမ်းအနားတွင် နည်းပညာတက္ကသိုလ်(မှော်ဘီ) ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာကေသီလွင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလင်းထင်က ရာသီဥတုပြောင်းလဲမှုလျော့နည်းစေရေး အစီအစဉ်များ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်ရသည့် အကြောင်းရင်းများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မှော်ဘီ)

# ကမ္ဘာ့ရှားပါး စာဝါကျားငှက်မျိုးစိတ်များနှင့် အခြားသောဇီဝမျိုးစုံမျိုးကွဲများကို လေ့လာနိုင်မည့် ကျုံကပြင်-တက်ဆိပ် ဒေသခံသားငှက်ထိန်းသိမ်းရေးနယ်မြေသို့ ဖိတ်ခေါ်

ရန်ကုန် နိုဝင်ဘာ ၂၇

ဆောင်းရာသီတွင် ကမ္ဘာ့ရှားပါး စာဝါကျားငှက် မျိုးစိတ်များနှင့် အခြားသော ဇီဝမျိုးစုံမျိုးကွဲများကို လေ့လာရင်း အပန်းဖြေနိုင်မည့် ကျုံကပြင်-တက်ဆိပ် ဒေသခံသားငှက်ထိန်းသိမ်းရေးနယ်မြေသို့ လာရောက်ရန် ကျုံကပြင်-တက်ဆိပ် ဒေသခံသားငှက်ထိန်းသိမ်းရေးအဖွဲ့က ဖိတ်ခေါ်ထားသည်။ ဆောင်းရာသီသို့ရောက်ပြီဆိုပါက ကျုံကပြင်- တက်ဆိပ် ဒေသခံ သားငှက်ထိန်းသိမ်းရေးနယ်မြေ၌ စာဝါကျားငှက်မျိုးစိတ်ကို လေ့လာမှတ်တမ်းတင်ထိန်းသိမ်းခြင်းသည် စိတ်လှုပ်ရှားစရာများဖြင့် ပြည့်နေသော ခရီးစဉ်များထဲမှ တစ်ခုဖြစ်ကြောင်း ဖော်ပြထားသည်။ ကျုံကပြင်-တက်ဆိပ် ဒေသခံသားငှက်ထိန်းသိမ်းရေးနယ်မြေတွင် ငှက်မျိုးစိတ်များအား စာရင်းကောက်ယူမှတ်တမ်းတင်ထိန်းသိမ်းခြင်းကို လစဉ် ဆောင်ရွက်လျက်ရှိပြီး စာဝါကျားငှက်အပြင် စာဘူးတောင်းနှင့် စာခေါင်းကွက်များ အုပ်စုလိုက် ကျရောက်ကာ အိပ်တန်းတက် နေသည်ကို မှန်ဘီလူးထဲမှ လည်းကောင်း၊ ကင်မရာများဖြင့် လည်းကောင်း မြင်ရသူများအဖို့ မျိုးစိတ်များကို မှန်ကန်စွာ ခွဲခြားရသည်မှာ ရင်သပ်ရှုမောစရာ အတွေ့အကြုံဖြစ်ကြောင်းလည်း ဖော်ပြထားသည်။



ကျုံကပြင်-တက်ဆိပ်ဒေသတွင်တွေ့ရသည့် စာဝါကျားငှက်။

စာရင်းကောက်ယူ မှတ်တမ်းတင်ရသော ဒေသခံထိန်းသိမ်းရေးအဖွဲ့သားများအတွက် အဝါရောင်ငှက်မျိုးစိတ်များကြားတွင် စာဝါကျားငှက်နှင့် အခြားမျိုးစိတ်များကို မှားယွင်း၍ မခွဲခြားမိစေရန် ဂရုစိုက်ရသည့်အပြင် စာဝါကျားငှက်အထီးနှင့် အမအရေအတွက်၊ ၎င်းတို့၏ခြေထောက်တွင် အခြားနိုင်ငံများမှ တပ်ဆင်ထားသော အမှတ်အသားကွင်းများ ပါသောအကောင်များ တွေ့ရှိရခြင်းရှိ/ မရှိ စသည်တို့ကို အသေးစိတ်မှတ်တမ်းတင်ရကြောင်းလည်း ဖော်ပြထားသည်။

စာဝါကျားငှက်မျိုးစိတ်စာရင်းကောက်ရာနေရာတွင် ၎င်းမျိုးစိတ်အပြင် ကောင်းကင်တွင် ဝဲပျံနေသော စွန်နှင့် လင်းယုန်မျိုးစိတ်များ၊ ပိုးမွှားများကို လေထဲတွင် ဝေ့ဝိုက်ကာ ဖမ်းယူစားသောက်နေကြသော ငှက်တော်၊ မိုးစာ၊ မိုးဆွေနှင့် ပုစဉ်းထိုးမျိုးစိတ်များ စသည်တို့အပြင် စပါးပင်၊ ဉာဏ်ပင်နှင့် ချုံတောများကြားထဲတွင် ကျက်စားနေထိုင်ကြသော စနိုက်၊ ဖေါင်တုတ်၊ စွေ့မျိုးစိတ်များ၊ ငှက်လက်မမျိုးစိတ်များနှင့် အခြားမျိုးစိတ်များကိုလည်း တွေ့နိုင်ကြောင်း ကျုံကပြင်- တက်ဆိပ်သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ သိရသည်။

ထို့ကြောင့် ကျုံကပြင်-တက်ဆိပ် ဒေသခံ သားငှက်ထိန်းသိမ်းရေးအဖွဲ့က ကမ္ဘာ့ရှားပါး စာဝါကျားငှက်မျိုးစိတ်များနှင့် အခြားသော ဇီဝမျိုးစုံမျိုးကွဲများကို လေ့လာရင်း အပန်းဖြေနိုင်ရန် ကျုံကပြင်-တက်ဆိပ် ဒေသခံသားငှက်ထိန်းသိမ်းရေးနယ်မြေသို့ လာရောက်ရန်လည်း ဖိတ်ခေါ်ထားသည်။

MT

# အမေရိကန် ကုန်ပစ္စည်းများအပေါ် စည်းကြပ်ခွန်များ ပြန်လည်ကောက်ခံရန် မက္ကဆီကိုသမ္မတ ပြောကြား



**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၂၇**

မက္ကဆီကိုနိုင်ငံမှ သွင်းကုန်များအပေါ် ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်ရန် စီစဉ်ထားကြောင်း အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ပြီးနောက် အမေရိကန်ကုန်ပစ္စည်းများအပေါ် စည်းကြပ်ခွန်များ ပြန်လည်ကောက်ခံရန် မက္ကဆီကိုသမ္မတ ကလော်ဒီယာရှိန်ဘွမ်က ယနေ့ သတိပေးပြောကြားကြောင်း သိရသည်။

**အကြံပြုပြောကြား**

တရားမဝင် ရွှေ့ပြောင်းအခြေချသူများနှင့် မူးယစ်ဆေးဝါးများ အမေရိကန်သို့ တရားမဝင်တင်သွင်းမှုများကို ရပ်တန့်ရန် မက္ကဆီကိုနိုင်ငံနှင့် ကနေဒါနိုင်ငံတို့အား နိုဝင်ဘာ ၂၅ ရက်တွင် ဒေါ်နယ်ထရမ့်က တောင်းဆိုခဲ့ပြီး ၎င်း၏ ရာထူးစတင်သည့်နေ့တွင် အဆိုပါနိုင်ငံများအပေါ် ကုန်သွယ်မှုအခွန်စည်းကြပ်မည်ဖြစ်ကြောင်းပြောကြား သိရသည်။

**ထိခိုက်စေနိုင်**

ယင်းသို့ အခွန်စည်းကြပ်မှုသည် အမေရိကန်နှင့် မက္ကဆီကိုနှစ်နိုင်ငံအကြား ကုန်သွယ်ရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ပြီး ငွေကြေးဖောင်းပွမှုနှင့် အလုပ်အကိုင်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း မက္ကဆီကိုသမ္မတ ကလော်ဒီယာရှိန်ဘွမ်က အကြံပြုပြောကြားသည်။

ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူဒေါနှင့် ဒေါ်နယ်ထရမ့်တို့သည် အခွန်စည်းကြပ်မည့် အစီအစဉ်နှင့်ပတ်သက်ပြီး တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးခဲ့ပြီး အကောက်ခွန်ကိစ္စရပ်များအပေါ် အမေရိကန်ဒေသန္တရအစိုးရများနှင့် လက်တွဲဆောင်ရွက်သွားရန် ကတိကဝတ်ပြုထားကြောင်း ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်

# လာအိုနိုင်ငံ၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်

**ဗီယင်ကျန်း နိုဝင်ဘာ ၂၇**

လာအိုနိုင်ငံ၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လာအိုနိုင်ငံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဝန်ဆောင်မှုစင်တာမှ ကိုယ်စားလှယ်များနှင့် လာအိုနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ကိုယ်စားလှယ်များ နိုဝင်ဘာ ၂၆ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။




ဗီယင်ကျန်းတွင် ကျင်းပသည့် အဆိုပါဆွေးနွေးပွဲတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြီးခဲ့သည့် ကာလအတွင်း ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီး ၂၀၂၅ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ဆောင်ရွက်မည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကိုလည်း ရေးဆွဲခဲ့ကြသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုစင်တာ တည်ထောင်ခြင်းသည် နိုင်ငံအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာတစ်ရပ်ဖြစ်ပြီး လာအိုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်လည်း ကိုက်ညီမှုရှိကြောင်း သိရသည်။

၎င်းစင်တာသည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး၊ ဈေးကွက်နှင့် အရင်းအနှီးဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းတို့ကို အဓိကထားဆောင်ရွက်သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# အစ္စရေးတပ်ဖွဲ့နှင့် ဟစ်ဇ်ဘိုလာအဖွဲ့တို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိ

**ဂျေရုဆလင် နိုဝင်ဘာ ၂၇**

အစ္စရေးတပ်ဖွဲ့နှင့် ဟစ်ဇ်ဘိုလာအဖွဲ့တို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုသည် စတင်အသက်ဝင်လျက်ရှိသည်။

တစ်နှစ်ကျော်ကြာ တိုက်ပွဲများဖြစ်ပွားပြီးနောက် အစ္စရေးနှင့် လက်ဘနွန် အစိုးရတို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ သို့သော် အဆိုပါသဘောတူညီချက်ကို နှစ်ဖက်စလုံးက လေးစားလိုက်နာမှုရှိမည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

အပစ်အခတ် ရပ်စဲရေးသည် နိုဝင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီတွင် စတင်ကြောင်း သိရသည်။ အစ္စရေးနှင့် လက်ဘနွန်တို့၏ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို ချီးကျူးဂုဏ်ပြုပြီး အမေရိကန်နှင့် ပြင်သစ်တို့က ၎င်းတို့နှင့်အတူ ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားသည်။

လက်ဘနွန်တပ်မတော်နှင့် ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များသည် လာမည့်ရက် ၆၀ အတွင်း လက်ဘနွန်တောင်ပိုင်းရှိ ၎င်းတို့၏ပိုင်နက်နယ်မြေကို ပြန်လည်သိမ်းပိုက်ရယူမည်ဖြစ်သည်။

အစ္စရေးတပ်ဖွဲ့သည် လက်ဘနွန်နိုင်ငံမှ ပြန်လည်ဆုတ်ခွာမည်ဖြစ်သည့်အတွက် ဟစ်ဇ်ဘိုလာအဖွဲ့က အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ အီရန်နှင့် ဂါဇာကမ်းမြောင်ရှိ ဟားမတ်စ်တို့၏ ခြိမ်းခြောက်မှုများကို အာရုံစိုက်ရန်အတွက် လက်ဘနွန်နိုင်ငံနှင့် အပစ်အခတ်ရပ်စဲရေးကို သဘောတူခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားသည်။

ဟစ်ဇ်ဘိုလာအဖွဲ့၏ ထိပ်တန်းခေါင်းဆောင်များကို ချေမှုန်းနိုင်ခဲ့သည့်အပြင် ကာကွယ်ရေးပစ်မှတ်များအပါအဝင် မြေအောက်ရှိ ကာကွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကိုလည်း ဖျက်ဆီးနိုင်ခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် နိုင်ငံအတွင်း တည်ငြိမ်မှုနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန် အခြေခံကျသော ခြေလှမ်းတစ်ခုဖြစ်ကြောင်း လက်ဘနွန်ဝန်ကြီးချုပ် နာဂျစ်မီကာတီက ပြောကြားသည်။

ထို့ပြင် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအတွက် အခြေခံအုတ်မြစ်တစ်ခုလည်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ သဘောတူညီချက်သည် အရှေ့အလယ်ပိုင်းရှိ ပြည်သူတိုင်းအတွက် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ပေးစွမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က ပြောကြားသည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာအဖွဲ့အကြား အပြန်အလှန်ပစ်ခတ်မှုကြောင့် အစ္စရေးနိုင်ငံသား ၆၀၀၀၀ ခန့် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရပြီး လက်ဘနွန်နိုင်ငံ၌ ၃၈၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။



ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# စပိန်နိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖြစ်စဉ်များဖြစ်ပွားခဲ့ခြင်းက ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး ဆောင်ရွက်ရန် အရေးကြီးသည့် သတိပေးချက်ဖြစ်လာ

**ဘာစီလိုနာ နိုဝင်ဘာ ၂၇**

မကြာသေးမီကာလအတွင်းက စပိန်နိုင်ငံ ဗလင်စီယာဒေသ၌ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းသည် မြေထဲပင်လယ်ဒေသ၌ ရာသီဥတုပြောင်းလဲမှုများ အများအပြားဖြစ်ပွားနေကြောင်းနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆောင်ရွက်ရန် အရေးကြီးသည့် သတိပေးချက်ဖြစ်သည်ဟု ပရိုင်မာအမည်ရှိ သုတေသနအဖွဲ့အစည်းတစ်ခုက နိုဝင်ဘာ ၂၆ ရက်က ပြောကြားသည်။

**သတိပေးပြောကြား**

အောက်တိုဘာလက စပိန်နိုင်ငံတွင် ဒါနာအမည်ရှိ မုန်တိုင်းတိုက်ခတ်ခဲ့ရာတွင် ဒေသခံ ၂၀၀ ကျော်သေဆုံးခဲ့ခြင်းကလည်း ဒေသတွင်းရာသီဥတုပြောင်းလဲမှုကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရန် သတိပေးချက်ဖြစ်လာကြောင်း ၎င်းကမှတ်ချက်ပြုပြောကြားသည်။ ယခုဖြစ်ပေါ်လာသည့်ရာသီဥတုပြောင်းလဲမှုများကြောင့် ဒေသခံများသတိပြုလာသည့် အချက်တစ်ချက်မှာ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးသည် မျိုးဆက်သစ်များနှင့်ဆိုင်သည့် ပြဿနာတစ်ရပ်သာမကဘဲ လက်ရှိအချိန်တွင် ချက်ချင်းအရေးယူ ကိုင်တွယ်ဖြေရှင်းရမည်ဆိုသည့် အချက်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ထို့ပြင် မြေထဲပင်လယ်ဒေသ၏ လက်ရှိအပူချိန်သည် ကမ္ဘာ့ပျမ်းမျှအပူချိန်ထက် ၂၀ ရာခိုင်နှုန်းခန့် ပိုမိုမြင့်တက်နေပြီး ဒေသတွင်းဆိုးရွားသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ အများအပြားဖြစ်ပွားနေကြောင်း ၎င်းက သတိပေးပြောကြားသည်။

စပိန်နိုင်ငံတွင် မုန်တိုင်းကာကွယ်ရေးအစီအစဉ်များကို ကြိုတင်ဆောင်ရွက်ခဲ့သဖြင့် ဒါနာမုန်တိုင်းတိုက်ခတ်သည့်အချိန်တွင် သက်သာရာ ရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပွားသည့်အချိန်ရောက်ရှိမှသာ ကယ်ဆယ်ရွှေ့ပြောင်းခြင်းကဲ့သို့သော လုပ်ငန်းများကို ဆောင်ရွက်ခြင်းထက် ကြိုတင်ကာကွယ်ရေးအစီအစဉ်များကို ဆောင်ရွက်ထားသင့်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ငွေစက္ကူအတုများ ဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင်ပြောဆို၍ ငွေစက္ကူအတု ဝယ်ယူလိုသူများထံမှ ငွေကြေးလိမ်လည်ရယူခဲ့သူအား ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် နိုဝင်ဘာ ၂၇

မသမာသူများအနေဖြင့် လူမှုကွန်ရက်ဖြစ်သည့် Facebook တွင် အမည်အမျိုးမျိုးဖြင့် ကိုယ်ပိုင် Page များ ဖွင့်လှစ်အသုံးပြုကာ ငွေစက္ကူအတုများ ဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင် ပြောဆို၍ ၎င်းတို့နှင့် ဆက်သွယ်လာသူ ငွေစက္ကူအတုဝယ်ယူလိုသူများထံမှ ငွေကြေးလိမ်လည် ရယူမှုများ ဖြစ်ပွားလျက်ရှိသဖြင့် အဆိုပါ Facebook အကောင့်ပိုင်ရှင်များအား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့များဖွဲ့စည်း၍ နည်းပညာအကူအညီရယူကာ စုံစမ်းရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်ရှိ အခေါက်ရွှေရောင်းသူ၊ ဝယ်သူ အမည်ပါ Facebook Group အတွင်း Amara Pan အမည်ပါ Facebook အကောင့်မှ **"ငွေတုရောင်းတယ် မှတ်ပုံတင်နဲ့ရောင်းပေးတယ် လူလိမ်မဟုတ်ပါ လူလိမ်ထင်ရင်မဝယ်ပါနဲ့ Viber/ 09 971007328 သို့ ဆက်သွယ်ပါ"** စာသားနှင့်ငွေစက္ကူအတုပုံများ Post တင်ထားမှုကို စိစစ်တွေ့ရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ Amara Pan အမည်ပါ Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒက္ခိဏသီရိမြို့နယ် ဇီးဖြူကုန်း ကျေးရွာနေ မအေးအေးအောင်(၁၈)နှစ်အား နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် ၎င်း၏နေအိမ်၌ ငွေစက္ကူအတုများ ရရှိမည်ဖြစ်ကြောင်း အခြားသူများယုံကြည်အောင်ပြောဆိုကာ ငွေကြေးလိမ်လည် ရယူခဲ့ရာတွင် အသုံးပြုခဲ့သော VIVO Y 83 အမျိုးအစား အနီရောင်လက်ကိုင်ဖုန်း တစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။


တရားခံ အေးအေးအောင်

ဖမ်းဆီးရမိသူ တရားခံ အေးအေးအောင်၏ထွက်ဆိုချက်အရ ၎င်းသည် Amara Pan အမည်ပါ Facebook အကောင့်ကို ဖွင့်လှစ်အသုံးပြုကာ Facebook Group များအတွင်း **"ငွေတုရောင်းတယ် မှတ်ပုံတင်နဲ့ရောင်းပေးတယ် လူလိမ်မဟုတ်ပါ လူလိမ်ထင်ရင်မဝယ်ပါနဲ့ Viber/ 09 971007328 သို့ ဆက်သွယ်ပါ"**ဟု စာသားများ လိုက်လံရေးသား၍ Post များ တင်ခဲ့ပြီးနောက် Viber ဖုန်းအမှတ် 09971007328 မှတစ်ဆင့် ငွေစက္ကူအတုဝယ်ယူရန် ဆက်သွယ်လာသူများကို ငွေစက္ကူအစစ် တစ်ဆလျှင် ငွေစက္ကူအတု ရှစ်ဆရမည်ဖြစ်ကြောင်း၊ မြင်းခြံမြို့မှဆိုပါက အိမ်အရောက်ငွေချေပြုလုပ်၍ ရကြောင်း၊ ကျန်မြို့များကို စရန်တစ်ဝက်ပေးချေ၍ ငွေစက္ကူအတုရရှိမှသာ ကျန်ငွေတစ်ဝက်အား ဝယ်ယူ၍ရကြောင်း ယုံကြည်အောင်ပြောဆိုကာ အဆိုပါဖုန်းနံပါတ်ဖြင့် ဖွင့်လှစ်ထားသည့် Hnin Mya Wave pay အကောင့်အတွင်းသို့ ငွေလွှဲခိုင်းခဲ့ပြီး ငွေလွှဲရောက်ရှိပါက Viber အကောင့်အား Block ပြုလုပ်ကာ ငွေကြေးများကို လိမ်လည်ရယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် လူမှုကွန်ရက်စာမျက်နှာများ၌ ငွေစက္ကူအတုဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင်ပြောဆိုပြီး ငွေကြေးများလိမ်လည်ရယူခဲ့သူ တရားခံ အေးအေးအောင်အား ညွှဲ့ဂေဟာနယ်မြေ ရဲစခန်း (ပ)၆၈/၂၀၂၄၊ ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး အလားတူ လူမှုကွန်ရက်အခြေပြု၍ ငွေကြေးလိမ်လည်ရယူမှုများနှင့် ငွေစက္ကူအတု ပြုလုပ်သုံးစွဲရောင်း/ဝယ် သူများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ဖော်ထုတ်ဖမ်းဆီးမှုများ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့ အရောင်းအဝယ်ပြုလုပ်မှုများကို သိရှိပါက နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း အသိပေးသတင်း ထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**



# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၃၀ ဒသမ ၃၉၂၄ တန်၊ သစ်မာ ၂ ဒသမ ၅၆၆၂ တန်၊ အခြား ၃၈ ဒသမ ၉၀၇၁ တန် စုစုပေါင်း ၇၁ ဒသမ ၈၆၅၇ တန်၊ ယာဉ်/ ယန္တရား ကိုးစီးနှင့် တရားခံ ၁၅ ဦးတို့အား ဖမ်းဆီးရမိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၇

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Wana" Telegram အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ဆင်ကျုံးကျေးရွာနေ အောင်မျိုးလွင်အား ဆတ်သွားနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မော်လမြိုင်ကျွန်းမြို့နယ်၌ အမျိုးသားများရှိသည့် နေအိမ်များကို ကျပ်ငွေတစ်သိန်းမှစတင်ကာ ကျေးရွာရာအိမ်မှူးက ငွေကြေးကောက်ခံလျက်ရှိကြောင်း မဟုတ်မမှန်သတင်းများရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မဘေကျေးရွာအုပ်စု ကွင်းချောင်းကြီးကျေးရွာတွင် ကျေးရွာရာအိမ်မှူးက တပ်နှင့်ပေါင်းကာ အမျိုးသားများရှိသည့် နေအိမ်များကို ပြည်သူ့စစ်မှုထမ်းအကြောင်းပြ၍ ငွေများတောင်းယူလျက်ရှိကြောင်း မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မော်လမြိုင်ကျွန်းမြို့နယ်မှ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသော ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိပြီး ငွေကြေးတောင်းခံခြင်း၊ အဓမ္မဖိအားပေးစုဆောင်းခြင်းများ လုပ်ဆောင်မှုမရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းဆောင်ရွက်နေမှုအပေါ် ပြည်သူလူထုကို သွေးထိုးလှုံ့ဆော်လျက်ရှိပြီး ပြည်သူလူထုက လိုက်ပါဆောင်ရွက်မှုမရှိစေရေး၊ အစိုးရနှင့် တပ်မတော်အပေါ် ပြည်သူလူထု၏ ထောက်ခံမှုကျဆင်းစေရေး သတင်းအမှားများကို ဝါဒဖြန့် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

# ရှားမြို့နယ် နွားဘန်းကြီးကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူခြောက်ဦးကို ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ် ရှားမြို့နယ်ရှိ နွားဘန်းကြီးကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူခြောက်ဦးကို နိုဝင်ဘာ ၂၆ ရက်တွင် ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား၍ ဝါဒဖြန့်လျက်ရှိကြောင်း သိရသည်။




## ဖြန့်ဝေနေခြင်းသာဖြစ်

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေခံလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရှားမြို့နယ်အတွင်း သောင်းကျန်းသူများ စိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရန်အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများကို ဥပဒေမဲ့ ဖမ်းဆီးခေါ်ဆောင်ခြင်းများမရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

- ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၄ ရက်တွင် ရွှေပြည်သာမြို့နယ် ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၈၈၄၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တိုက်ကြီးမြို့နယ် တဘူးလှဆည်အနီး၌ တရားမဝင် အခြားသစ် ၃ ဒသမ ၆၇၀ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၁၃၁၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်၌ လိုင်စင်မဲ့ Toyota Crown ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၆၈၁၃၁၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၀၁၂၄၀၅ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟိုပင်မြို့ ပြည်ထောင်စုလမ်းမကြီး ဟိုပင်တိုးဂိတ်၌ လိုင်စင်မဲ့ယာဉ် ငါးစီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ်၊ မုဒုံမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ် သုံးစီး စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ ရှမ်းချောင်းလမ်းမကြီး AST ဆီဆိုင်အနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၈၇၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Faw Dump Truck တစ်စီးနှင့် Hino Dutro Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၈၇၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ရန်ကုန်တိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုးနှင့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၆၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် SunLong Bus တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ ရွှေဘိုမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၂၆၈၇၆၅ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်၏ရွာနှင့် သံရွာအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၉၀၇၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း၊ မိုင်တိုင်အမှတ် ၃၅၂ မိုင်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၄၁၅၂၄ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အဝိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၇၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်တိုးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း ၁၃ မျိုး၊ လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၇၁၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၄၀၆၆၀၈၉ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၈၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီးနှင့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ သာယာဝတီခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၃၆၀ တန်၊ သစ်မာ သုည ဒသမ ၁၀၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင် ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Toyota Wish ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၂၄၅၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၄ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၃၈၇၄၈၀၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် စားသောက်ကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ တရားမဝင်တင်သွင်းလာသည်ကို တွေ့ရှိရပြီး အရည်အသွေးအာမခံချက်မရှိသောကုန်ပစ္စည်းများ တင်သွင်းခြင်းကြောင့် စားသုံးသူပြည်သူများအတွက် ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုးများနှင့် အသက်အန္တရာယ်ထိခိုက်နစ်နာဆုံးရှုံးခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၅၅ | ၃၀၃၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၃၅ | ၃၀၅၀ | ၃၀၆၀ | ၃၀၁၅ | ၄၅၀၅ | ၃၁၇၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၇၀ | ၃၀၆၀ | ၃၀၇၅ | ၃၄၇၅ | ၃၉၅၀ |
| 95 Ron | ၃၁၅၀ | ၃၂၃၀ | ၃၂၀၅ | ၃၁၆၀ | ၃၂၃၅ | ၃၂၄၅ | ၃၂၆၀ | ၃၂၁၀ | ၄၅၆၀ | ၃၃၇၀ | ၃၂၂၀ | ၃၂၃၅ | ၃၂၇၀ | ၃၂၅၅ | ၃၂၇၀ | ၃၆၇၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၂၀ | ၂၇၀၀ | ၂၆၇၅ | ၂၆၃၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၃၀ | ၂၆၈၀ | - | ၂၈၄၀ | ၂၆၉၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၂၅ | ၂၇၄၀ | ၃၁၄၅ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၅၅ | ၃၃၄၀ | ၃၃၁၅ | ၃၂၆၅ | ၃၃၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၂၀ | ၄၈၃၀ | ၃၄၇၅ | ၃၃၂၅ | ၃၃၄၅ | ၃၃၇၅ | ၃၃၆၅ | ၃၃၇၅ | ၃၇၈၀ | - |
| HSD (10 ppm) | ၃၂၅၅ | ၃၃၄၀ | ၃၃၁၅ | ၃၂၆၅ | ၃၃၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၂၀ | - | ၃၄၇၅ | ၃၃၂၅ | ၃၃၄၅ | ၃၃၇၅ | ၃၃၆၅ | ၃၃၇၅ | ၃၇၈၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၉ | ၂၈၈၉ |
| 95 Ron | ၂၉၈၉ | ၃၀၈၃ |
| HSD (500 ppm) | ၂၄၇၅ | ၂၅၅၄ |
| HSD (50 ppm) | ၃၀၉၂ | ၃၁၈၄ |
| HSD (10 ppm) | ၃၀၉၂ | ၃၁၈၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မင်းကင်းမြို့နယ်၌ ဆင်းသုခ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

မင်းကင်း နိုဝင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ မိုးစပါးစိုက်ခင်းအား အထွက်နှုန်းမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက သလဘာကျေးရွာ တောင်သူဦးထွန်းစိန်၏ လယ်မြေ၌ ကျင်းပသည်။

စံကွက်ရိတ်သိမ်းပွဲပြုလုပ်သည့် သလဘာကျေးရွာ တောင်သူဦးထွန်းစိန်၏လယ်မြေ၌ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းအား စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း (အစို) ၁၀၄ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါမိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ သလဘာကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ဘုတ်ပြင်းမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

**ဘုတ်ပြင်း နိုဝင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ဘုတ်ပြင်းမြို့ ပုလဲရွှေရည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားပြီး စာပေဟောပြောပွဲတွင် ဟောပြောပေးသည့်စာရေးဆရာ အန်ကယ်ပညာနှင့် လူငယ်စာပေဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။ ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်၊ လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ချိုတို့က ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည်။




ယင်းနောက် ပြိုင်ပွဲများတွင် နှစ်သိမ့်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား အမှတ်(၁၃) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးမျိုးသန့်၊ ဘုတ်ပြင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးနှင့် အဖွဲ့ဝင် ဦးအောင်ကျော်ကျော်ဦးတို့က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ဘုတ်ပြင်းခရိုင်အတွင်းရှိ အထက်တန်းကျောင်း ရှစ်ကျောင်းမှ ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ဘုတ်ပြင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးက ပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများက လက်ခံရယူသည်။ ဆက်လက်၍ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်/မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းရာ အထက(ဘုတ်ပြင်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်လှအေးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကြေးမုံ / စာအုပ်ဝင်

# ကံဇော်၏ Myanmar Economy and Development : Its Chances, Choices and Challenges စာအုပ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဆောင်းပါးရှင် ကံဇော်၏ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော Myanmar Economy and Development : Its Chances, Choices and Challenges စာအုပ် ထွက်ရှိလာသည်။ အဆိုပါစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေပြီး (ပထမတွဲနှင့် ဒုတိယတွဲ ) နှစ်အုပ်ပေါင်း တန်ဖိုးမှာ ငွေကျပ် ၄၅၀၀၀ ဖြစ်သည်။ ပထမတွဲတွင် အခန်း ရှစ်ခန်းပါရှိပြီး ဒုတိယတွဲတွင် အခန်း ၁၁ ခန်း ပါရှိသည်။ နိုင်ငံတကာ စာတမ်းဖတ်ပွဲများ၊ သုတေသနစာတမ်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံရမည့် အကြောင်းအရာများ၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေး၊ အမျိုးသား ပေါင်းစည်းရေးဆိုင်ရာ မူဝါဒများ အခြေခံ၍ မြန်မာနိုင်ငံ၏ အမျိုးသားပေါင်းစည်းရေး လေ့လာသုံးသပ်ချက်၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် သုံးစွဲသည့် Model များ၊ ဈေးကွက်ဆိုင်ရာ သီအိုရီများနှင့် လေ့လာသုံးသပ်ချက်၊ အစားရေစာလုံခြုံမှု၏ အရေးပါသောကဏ္ဍ၊ ဒီမိုကရေစီလမ်းစဉ်နှင့် မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု စသည်ဖြင့် နှစ် ၄၀ ခန့် သုတေသနပြုစုထားမှုများကို ပထမတွဲ၊ ဒုတိယတွဲ နှစ်တွဲဖြင့် စုစည်း၍ ထုတ်ဝေထားခြင်းဖြစ်သည်။







မြန်မာနိုင်ငံ အကြောင်း လေ့လာနေသူများ၊ အာဆီယံစီးပွားရေးဆိုင်ရာ လေ့လာနေသူများ၊ ဘွဲ့လွန်ကျောင်းသားကျောင်းသူများ၊ သုတေသီများအတွက် စိတ်ဝင်စားစွာ ဖတ်ရှုရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။

ဝယ်ယူဖတ်ရှုလိုသူများ အနေဖြင့် စာပေဗိမာန်စာအုပ်ဆိုင်များတွင် တန်ဖိုးငွေကျပ် ၄၅၀၀၀ဖြင့် ဝယ်ယူရရှိနိုင်သည်။ **သတင်းစဉ်**



# ဆရာကြီး လယ်တွင်းသားစောချစ် စာပေရေးရာများ ဟောပြောပို့ချ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးဖွင့်လှစ်သည့် စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ်(၁၁) သင်တန်းတွင် ဆရာကြီးလယ်တွင်းသားစောချစ်က ဝတ္ထုရေးသားနည်း အခြေခံသဘောတရားများကို ပန်းဆိုးတန်းလမ်း မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက လာရောက်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုနှင့် အခြေခံသတင်းရေးသားနည်းများကို တက္ကသိုလ်မြတ်သူ၊ ဒေါက်တာထွန်းတင့်၊ လယ်တွင်းသားစောချစ်၊ မောင်ခင်မင်(ဓနုဖြူ)၊ သူရဇော်၊ ကြူကြူသင်း၊ မစန္ဒာ၊ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ မမိုးမြေ၊ မနှင်းဖွေး၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မြတ်စိုး(လှိုင်)၊ ပုသိမ်အောင်သန်းဦး၊ အောင်ကြည်ညွန့်(တက္ကသိုလ်)နှင့် ဆွေဇင်ညွန့်တို့က သင်ကြားပို့ချလျက်ရှိသည်။ သင်တန်းကာလမှာ နိုဝင်ဘာ ၄ ရက် မှ ၂၈ ရက်အထိဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၆၃ ဦး တက်ရောက်ကြကြောင်း သိရသည်။ **ကြေးမုံ**

**✱ အာဆင်နယ်မှ**

အာဆင်နယ်အသင်းဟာ စပို့တင်းအသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး စပို့တင်းအသင်းဟာ ပြီးခဲ့တဲ့ချန်ပီယံလိဂ်ပွဲစဉ်မှာ မန်စီးတီးအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားတဲ့အသင်းလည်း ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ စပို့တင်းအသင်းကို အနိုင်ရရှိခဲ့လို့ ချန်ပီယံလိဂ်အမှတ်ပေးဇယား အဆင့်(၇)နေရာကို ယာယီတက်လှမ်းခွင့်ရရှိထားပြီး စပို့တင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့ခြင်းဟာ ယခုချန်ပီယံလိဂ်ဘောလုံးရာသီ ပထမဆုံးရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။

လေဗာကူဆင်အသင်းကတော့ ဆဲလ်ဘတ်အသင်းကို ငါးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး အဲဒီလိုနိုင်ပွဲရရှိခဲ့တာကြောင့် ရမှတ် ၁၀ မှတ်နဲ့ ချန်ပီယံလိဂ်အမှတ်ပေးဇယားအဆင့်(၅)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းဟာ စပါတာပရက်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး အဝေးကွင်းမှာ ခြောက်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီနိုင်ပွဲကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေနဲ့ သုံးပွဲမြောက်နိုင်ပွဲရရှိခဲ့ကာ အမှတ်ပေးဇယားအဆင့်(၁၃)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# တိုက်ကြီးမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**တိုက်ကြီး နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက အခြေခံပညာအထက်တန်းကျောင်း(မြို့မ) ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးဝင်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ ဦးဆောင်ဆွေးနွေးသူများအဖြစ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းကလျာခိုင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်းတို့က ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူငါးဦးက လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်စာရိတ္တခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။



ထို့နောက် တက်ရောက်လာသူများက အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်များ ခင်းကျင်းပြသထားမှုများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရွှေတောင်မြို့နယ်၌ ပန်းဂေါ်ဖီများ စတင်ထွက်ပေါ်၍ အရောင်းအဝယ်ကောင်း

**ရွှေတောင် နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ မီးလောင်အုပ်စု အင်္ဂလိုင်ဂန်ကျေးရွာတွင် ပန်းဂေါ်ဖီများ စိုက်ပျိုးထားရှိပြီး လက်ရှိအချိန်တွင် ပန်းဂေါ်ဖီများ စတင်ထွက်ပေါ်၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။



ပန်းဂေါ်ဖီကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ပန်းဂေါ်ဖီကျောက်စိမ်းမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအနေဖြင့် ပန်းဂေါ်ဖီမျိုးစေ့များကို ပျိုးထောင်၍ ပျိုးပင်သက်တမ်း ၄၅ ရက်သား အရွယ်တွင် စိုက်ပေါင်ပေါ်သို့ ချ၍ စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစုနှင့် အလုပ်သမားခအပါအဝင် ပန်းဂေါ်ဖီ တစ်ကေလျှင် စုစုပေါင်းငွေကျပ် သိန်း ၂၀ ခန့် ကုန်ကျကြောင်း၊ ပန်းဂေါ်ဖီကို စိုက်ပျိုးပြီး နှစ်လခွဲခန့်အကြာတွင် ခူးဆွတ်နိုင်ပြီး တစ်ကေလျှင် ပန်းဂေါ်ဖီအပွင့်ရေ ၁၀၀၀၀-၁၂၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ပန်းဂေါ်ဖီ အကြီး၊ အလတ်၊ အသေး အရွယ်အစားအပေါ်မူတည်၍ တစ်ပွင့်လျှင် ငွေကျပ် ၈၀၀-၄၀၀-၃၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပန်းဂေါ်ဖီ တစ်ကေလျှင် ငွေကျပ်သိန်း ၂၀ ခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းသီးနှံပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူ၍ ဒေသတွင်း ရောင်းချမှုအပြင် ရန်ကုန်မြို့နှင့် ပြည်မြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပန်းဂေါ်ဖီစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များ ရရှိသောကြောင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း ပန်းဂေါ်ဖီစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

# ဆိပ်ဖြူမြို့ ရွာသစ်ကျေးရွာ၌ မြေပဲများလှိုင်လှိုင်ထွက်ပေါ်၍ ဈေးကောင်းရ

**ဆိပ်ဖြူ နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရွာသစ်ကျေးရွာတွင် ကြက်သွန်နီ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာတို့ကို



အဓိကစိုက်ပျိုးလျက်ရှိပြီး ဆီထွက်သီးနှံဖြစ်သည့် မြေပဲကိုလည်း ၃၅ ဧကခန့် စိုက်ပျိုးထားကြောင်း သိရသည်။

မြေပဲကို ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလ ပထမပတ်တွင် စတင်တူးဖော်ရကြောင်း၊ မြေပဲမျိုးအနေဖြင့် မြေပဲလုံးဆန်ဖြူ (S1)မျိုးကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစုနှင့် အလုပ်သမားခအပါအဝင် တစ်ကေလျှင် ငွေကျပ် ရှစ်သိန်းခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းမှာ မြေပဲ တစ်ကေလျှင် ၄၅ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် မြေပဲအတောင့် တစ်တင်းလျှင် ငွေကျပ် ၃၃၀၀၀-၄၁၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ငွေကျပ် ၁၀ သိန်းခန့် အမြတ်ရရှိကြောင်း၊ ယခုအချိန်တွင် ရောဝတီ မြစ်ကမ်းဘေးရှိ ကိုင်းကျွန်းမြေနုများတွင် ဆောင်းမြေပဲသီးနှံများ စိုက်ပျိုးချိန်ဖြစ်၍ မြေပဲဆန်မျိုးများ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မြေပဲဆန်မျိုး တစ်ပြည်လျှင် ငွေကျပ် ၈၅၀၀-၁၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုနှစ်တွင် မြေပဲအထွက်နှုန်း နည်းပါးသော်လည်း သီးနှံပေါ်ချိန်တွင် ယခင်နှစ်ထက် ဈေးနှုန်းကောင်းမွန်သောကြောင့် မြေပဲစိုက်တောင်သူများ အကျိုးအမြတ်ပိုမိုရရှိကြောင်း သိရသည်။

# ပခုက္ကူမြို့နယ်၌ ဘူးသီးစိုက်တောင်သူများ ဈေးကောင်းရ၍ အကျိုးအမြတ်ရ

**ပခုက္ကူ နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံ တစ်မျိုးဖြစ်သည့် ဘူးသီးသီးနှံကို ဘောလုံးခုံ၊ လိပ်ကုန်း၊ ဘွက်ကုန်း၊ သဘော်ကုန်း၊ ညောင်လှ၊ သံပုရာပင်ကုန်း၊ ကျွန်းဦးနှင့် ကျွန်းညိုကျေးရွာတို့တွင် ဧက ၄၀ ခန့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဘူးပင်ကို ဩဂုတ်လနှင့် စက်တင်ဘာလများတွင် စိုက်ပျိုးကြပြီး ရက်ပေါင်း ၈၀ အကြာတွင် ခူးဆွတ်ရကြောင်း၊ ဘူးပင်စိုက်ပျိုးရာတွင် မျိုးအနေဖြင့် ဘူးသပိတ်နှင့် ဘူးလည်ရှည်များကို အများဆုံး စိုက်ပျိုးကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ရေဝပ်မြေကို ကြိုက်နှစ်သက်ခြင်းမရှိ၍ စိုက်ပေါင်ဖြင့် ရေသွင်းစိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ကေလျှင် မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် ငွေကျပ် ၁၅ သိန်းအထိ ကုန်ကျကြောင်း၊ အထွက်နှုန်းမှာ တစ်ကေလျှင် ဘူးသီး အလုံးရေ ၅၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းမှာ အလုံးအရွယ်အစားအပေါ်မူတည်၍ ဘူးသီးတစ်လုံးလျှင် လက်ကားဈေးနှုန်း ၁၀၀၀ ကျပ်နှင့် လက်လီဈေးနှုန်း ၁၅၀၀-၂၅၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် သိန်း ၃၀ ကျော် ရရှိသည်။

ဈေးကွက်အနေဖြင့် စိုက်ခင်းထွက် ဘူးသီးများကို မကွေးမြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ဘူးသီးဈေးနှုန်းကောင်းမွန်လျက်ရှိပြီး ဘူးသီးအပြင် အညွန့်များကိုပါ ရောင်းချရသောကြောင့် တောင်သူများအနေဖြင့် အပိုဝင်ငွေရရှိ၍ အကျိုးအမြတ်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



**သတင်းရင်းမြစ်- စီးပွား/ကူးသန်း**

**၂၇-၁၁-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၈၀၀၀ | ၁၀၅၃၄ | ၂၂၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၅၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၁၇၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၈၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၂၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၆၀ | ၁၇၅၀၀ | ၅၅၀၀ | ၁၆၅၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၈၃၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၅၀၀၀ | ၂၃၅၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လွိုင်ကော် | ၆၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၈၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၃၀၀ | ၁၈၀၀၀ | ၇၇၇၅ | ၁၂၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၅၄၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၅၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၉၀၄ | ၁၆၀၀၀ | ၅၃၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၅၀၀ | ၉၅၀၀ | ၁၁၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၉၈၀၀ | ၉၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၃၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၃၁၀၀၀ | ၂၅၀၀၀ | ၃၁၀၀၀ | ၉၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၈၀၀၀ | ၃၈၀၀ | ၁၇၀၀၀ | ၂၁၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၁၀၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၈၅၀၀ | ၃၅၀၀၀ | | | ၅၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၃၅၀၀ | ၂၂၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၇၅၀၀ | ၇၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၆၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၇၉၅၀ | ၁၁၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၇၀၀ | ၈၅၀၀ | ၈၅၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၇၈၃၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၄၀၀ | ၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၁၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၁၉၅ | ၁၄၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၃၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၈၀၀၀ | ၅၁၅၀ | ၂၄၅၀၀ | ၂၇၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၁၉၅ | ၁၅၀၀၀ | ၅၀၀၀ | ၁၅၅၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၈၅၀၀ | ၅၁၅၀ | ၂၅၀၀၀ | ၂၇၀၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၁၂၅၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၃၀၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၇၀၀၀ |

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တောင်ငူမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေး

**တောင်ငူ နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက တောင်ငူမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

**ကြက်ခြံများအတွင်းလှည့်လည်ကြည့်ရှု**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ငူမြို့နယ် မဟာင်ကျေးရွာအုပ်စု ကျွဲဘူးကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဒေါ်ခင်နှင်းဦးအား ရာဂီမုန်တိုင်းကြောင့် ထိခိုက်သေဆုံးခဲ့သည့် ဥစားကြက်နှင့် ဒေသကြက်ကောင်ရေ ၁၂၀၀၀ အား ပြန်လည်အစားထိုးပေးအပ်ခဲ့ပြီး ကြက်ခြံများအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နှစ်ဆောင်မြိုင်-ရွာတန်းရှည်လမ်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၉၀ ဖြင့် ကတ္တရာခင်းခြင်းနှင့် Kanbawza Pathfinder Industries Ltd က တောင်ငူ-ရေတာရှည်လမ်းပိုင်းတွင် ရေကျော်ခဲ့သည့် မိုင်တိုင်အမှတ်(၁၆၀/၀)မှ (၁၆၃/၇)



အထိ ၂၄ ပေအကျယ် တစ်ပေအမြင့် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့နယ် မဟာင်ကျေးရွာအုပ်စု၌ တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် သီးထပ်ကေတိုးတက်စေရေး ချောင်းဖြူချောင်းတူးဖော်ပေးခဲ့မှုကြောင့် တစ်ကွင်းတစ်ဆက်တည်း နွေစပါးနှစ်သီး စံပြကွက် ဧက ၂၀၀ စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တောင်ငူမြို့ ထီးလှိုင်ပန်းခြံဆောက်လုပ်နေမှုနှင့် ကေတုမတီရှေးဟောင်းကျုံးမြောက်ဘက် မြို့ရိုးဖော်ထုတ်ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများ၊ တောင်ငူမြို့ အမှတ်(၁)လမ်း၌ MSME ဒေသထုတ်ကုန်များအရောင်းစင်တာ ဖွင့်လှစ်မည့်ဆိုင်နေရာ၊ တောင်ငူမြို့နယ် ဆင်ဆိပ်ကျေးရွာအုပ်စု ခပေါင်းတိန်ကျေးရွာ တစ်ကွင်းတစ်ဆက်တည်း မတ်ပဲစံပြစိုက်ခင်း ဧက ၂၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကွင်းဆင်းကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က သီတဂူဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဦးတိက္ခအား သွားရောက်ဖူးမြော်ကာ ကုသိုလ်ဖြစ်ဆေးရုံတည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် တင်ဆက်မည့် အစီအစဉ်လေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၂၇**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော် တည်းခိုရေးစခန်း (ရွာတော်သို့) ရောက်ရှိပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၏ ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်တင်ဆက်မည့် "ခေတ် ၆ ခေတ်" ယိမ်းအက လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးကာ အားပေးစကားပြောကြားသည်။

**ဇာတ်တိုက်လေ့ကျင့်**

အဆိုပါ "ခေတ် ၆ ခေတ်"ယိမ်းအကကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ အနုပညာဦးစီးဌာနမှ အနုပညာရှင် ၇၅ ဦး၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ အင်အား ၁၀၀၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ အင်အား ၅၀၊ အနုပညာ အထက်တန်းကျောင်း (ရန်ကုန်)မှ ၂၅ ဦး၊ အနုပညာ အထက်တန်းကျောင်း(မန္တလေး)မှ ၂၅ ဦးနှင့် ကရင်ပြည်နယ်မှ ကျောင်းသူ ၂၅ ဦး စုစုပေါင်း အင်အား ၃၀၀ ဖြင့် တင်ဆက်ကပြသွားရန် ဇာတ်တိုက်လေ့ကျင့်လျက်ရှိသည်။

အဆိုပါ "ခေတ် ၆ ခေတ်" ယိမ်းအကတွင် ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်နှင့် မျက်မှောက်ခေတ်တို့ပါဝင်ပြီး တစ်ခေတ်စီ၏ ကကြိုး ကကွက်နှင့် တီးလုံးအပြင် အဆိုပါခေတ်၏သင်္ကေတပုံဖော်မှု ဒီဇိုင်းများပါဝင်၍ ဇာတ်တိုက်လေ့ကျင့်မှုများကို အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ဒုတိယပါမောက္ခချုပ် (သင်ကြား)က ကြီးကြပ်တာဝန်ယူ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ဝါးခယ်မမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေး

**ဝါးခယ်မ နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် လေးကျင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ယနေ့နံနက်ပိုင်းက ကျောင်းအခြေပြု ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

